# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 2 November 2021 ၁၀၅၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုကာလမှာ နိုင်ငံတိုးတက်အောင်၊ တည်ငြိမ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမှာဖြစ်၊ ပြည်သူတွေရဲ့အားကို အားကိုးပြီး ဆောင်ရွက်သွားမယ်ဆိုရင် နိုင်ငံအတွက် များစွာတိုးတက်ပြောင်းလဲမှုရှိနိုင်တယ်ဆိုတာ အပြည့်အဝယုံကြည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၉)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း

**နေပြည်တော် နိုဝင်ဘာ ၁**

ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူများခင်ဗျာ၊ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်အား နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီးတော့မှ တာဝန်ယူဆောင်ရွက်ခဲ့တာ ၉ လ ပြည့်တဲ့နေ့ဖြစ်ပါတယ်။ ဒီ ၉ လ တာကာလအတွင်းမှာ ကျွန်တော်တို့ကောင်စီရဲ့ ဆောင်ရွက်မှု အခြေအနေများကို ကျွန်တော်ရှင်းပြလိုပါတယ်။ နိုင်ငံတော်အနေနဲ့ ဘာတွေလုပ်သင့်တယ်ဆိုတာလေးလည်း ကျွန်တော် အနည်းငယ်ပြောလိုပါတယ်။ ကျွန်တော်တို့ကောင်စီ တာဝန်ယူပြီးတဲ့အချိန်မှာ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ခဲ့ပါတယ်။ ရှေ့လုပ်ငန်းစဉ် (၁) မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်းပြီးတော့ ရွေးကောက်ပွဲ မဲစာရင်းတွေ စစ်ဆေးပြီးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်သွားမယ်လို့ ကျွန်တော်တို့ ပြောခဲ့တာရှိပါတယ်။ ဒါလည်း ကော်မရှင်ကဖွဲ့စည်းပြီးတော့မှ ပြန်လည်


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၉)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ်။

**လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလာတာတွေ့ရတဲ့အတွက်ကြောင့် ပြည်နယ်နှင့် တိုင်း ၉ ခုမှာ ဖြစ်ပွားမှုနှုန်းများနေဆဲဖြစ်တဲ့ မြို့နယ် ၄၆ မြို့နယ်ကို ချန်လှပ်ပြီးတော့မှ ကျန်တဲ့ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ အပါအဝင် အားလုံး ဒီနေ့ကစပြီး စတင်ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ မိဘပြည်သူများကို မေတ္တာရပ်ခံချင်တာကတော့ ကိုဗစ်စည်းကမ်းနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတဲ့ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ ဒါတွေကို အပြည့်အဝ လိုက်နာပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် လက်ရှိ ကျောင်းဖွင့်လှစ်မှုကိုလည်း ထိခိုက်မှုလျော့နည်းနိုင်စရာအကြောင်းရှိတဲ့အတွက်ကြောင့် ဒါကိုလည်း တိတိကျကျနဲ့ အလေးထားဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။**

---

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်**


စာမျက်နှာ » ၅


**ကင်းမမှ ထန်တလန်၊ လုပ်ကြံ ဂျီနီဆိုက် မီဒီယာတိုက်ခိုက်မှုများ**


စာမျက်နှာ » ၆




**လူငယ်နှင့် ဘဝအောင်မြင်ရေး**


စာမျက်နှာ » ၁၈၊ ၁၉

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးလှုံ့ဆော်

"ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်စေရန်အတွက် ပညာရေးစနစ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ပညာတတ်မှသာ အသိပညာ အတတ်ပညာများ ရရှိမည်ဖြစ်သဖြင့် အနုပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ပညာရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းနှိုးဆော်တိုက်တွန်းပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံကို ချစ်သည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း" အောက်တိုဘာလ ၃၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များသည် နိုင်ငံ့အမွေကို လက်ဆင့်ကမ်းဆက်ခံနေကြသူများ၊ ယဉ်ကျေးမှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နေကြသူများဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင် စာပေအနုပညာရှင်များသည် လွတ်လပ်ရေးရရှိရေးအတွက် အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်အောင် လှုံ့ဆော်နှိုးဆွပေးခဲ့ကြသူများဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင်လည်း စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များသည် ကျရာကဏ္ဍမှ တိုင်းပြည်အကျိုးပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်ပေးခဲ့ကြသူများဖြစ်သည်။

အနုပညာရှင်များသည် ပြည်သူများ၏ စိတ်ခံစားချက်ကို နိုးကြားတက်ကြွလန်းဆန်းအောင် ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင် လိုက်ပါစီးမျောနိုင်အောင် ဆောင်ရွက်ပေးကြရသည့်သူများဖြစ်သည်။ ခေတ်အဆက်ဆက် ပြည်သူလူထုအား ဖျော်ဖြေတင်ဆက်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်၍ သမိုင်းကြောင်းကောင်းသည့်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်သူများဖြစ်သည်။ ရုပ်ရှင်ကဏ္ဍတွင် "ရုပ်ရှင်သည် ပြည်သူ့အတွက်"၊ ဂီတကဏ္ဍတွင် "ဂီတစွမ်းအား ပြည်ထွန်းကား"၊ သဘင်ကဏ္ဍတွင် "အမျိုးသားရေးအတွက် သဘင်၊ နိုင်ငံဆည်းလည်း သဘင်၊ ပြည်သူ့အသဲစွဲသဘင်"၊ စာပေကဏ္ဍတွင် "စာပေမြင့်မှ လူမျိုးတင့်မည်" ဟူသည့် ဆောင်ပုဒ်များနှင့်အညီ ကြိုးပမ်းထမ်းရွက်ခဲ့ကြသည်။

စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍအလိုက် ဆောင်ပုဒ်များပါ ရည်ရွယ်ချက်များအတိုင်း တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်သူ့အကျိုးပြုပညာရှင်များဖြစ်သည်။ ယခုအခါ ပြောင်းလဲလာသောခေတ်စနစ်အရ အွန်လိုင်းမီဒီယာဖြစ်ထွန်းလာသဖြင့် စာပေနှင့်ပတ်သက်၍ ဖတ်ရှုမှုအားနည်းလာရာ ပုံနှိပ်မီဒီယာလောက ဆုတ်ယုတ်ကျဆင်းမှု ဖြစ်ပေါ်လာသည်။ အလားတူ အနုပညာလောကနှင့်ပတ်သက်၍ ရုပ်ရှင်ရုံတင်ပြသမှု ကွယ်ပျောက်လာသလို ဂီတလောကတွင်လည်း အွန်လိုင်းမီဒီယာပေါ်မှ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးလာသောကြောင့် မြန်မာနိုင်ငံ၏ စာပေ၊ အနုပညာလောကအားလုံး မှေးမှိန်လာသည်ကိုတွေ့ရသည်။

တိုင်းပြည်အတွက် အရေးကြီးသည့်အချက်မှာ ပြည်သူများ မှန်ကန်သောအသိအမြင်ဗဟုသုတများ တိုးပွားလာရေးဖြစ်ပြီး တိုးပွားလာရန်အတွက် စာပေ၊ အနုပညာလောကမှ အသိပညာပေးနှိုးဆော်ပေးရန် လိုအပ်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရာတွင် အသိပညာ၊ ဗဟုသုတများနှင့် ပြည်သူများ စိတ်ဓာတ်ခွန်အား အစဉ်အမြဲနိုးကြားထက်သန်စေရန် စာပေ၊ အနုပညာကဏ္ဍမှ အသိပေးနှိုးဆော်မှုများသည် အရေးကြီးသည်။ စာပေမှရသောအသိသည် အမှား၊ အမှန်ကို ခွဲခြားဆင်ခြင်နိုင်ပြီး ဂီတမှရသောအသိသည် သားချော့တေးမှအစ လူတို့၏စိတ်ကို ပြောင်းလဲစေနိုင်သည်။ ရုပ်ရှင်၊ သဘင်ကဏ္ဍသည်လည်း အလားတူဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပေးနိုင်သဖြင့် အရေးပါသည့်နယ်ပယ်များဖြစ်သည်။

ပြီးခဲ့သည့်ကာလများက ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာလောကအားလုံး ထိခိုက်နစ်နာမှုများရှိခဲ့ပြီး လက်ရှိကာလတွင် နိုင်ငံရေးပယောဂများကြောင့်လည်း စိတ်မချမ်းမြေ့ဖွယ်ရာများ ကြုံတွေ့ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်လောကသားများသည် ဆိုင်ရာအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်ပါများအတိုင်း တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ကြသူများဖြစ်၍ ယခုနိုင်ငံတော်အစိုးရက စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များအား အလေးထားအသိအမှတ်ပြု ကူညီထောက်ပံ့ပေးနေသောကာလတွင် နိုင်ငံနှင့်ပြည်သူအတွက် မွန်မြတ်သောအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြလိမ့်မည်ဟုယုံကြည်သည်။

သို့ဖြစ်ရာ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၏ စွမ်းပကားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများဖွံ့ဖြိုးရေးအတွက် မှန်ကန်သောအသိအမြင်များပေးဝေကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကို ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇)ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅ ရက်) စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈၊ ၉)ရက် (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆၊ ၂၇ ရက်) သောကြာ၊ စနေနေ့တို့တွင် (၄၇)ပါးစုံညီ နဝမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက် (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်) သောကြာနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများအား အသိပေးခြင်း

၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်ရငွေများအား မိမိပို့ကုန်ရငွေဝင်ရောက်ခဲ့သည့် ဘဏ်များနှင့် ဆက်သွယ်စာရင်းရှင်းလင်းရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတစ်ဆင့် ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ပါသည်။

ဘဏ်များနှင့် ဆက်သွယ်စာရင်း ရှင်းလင်းရန် ကျန်ရှိသည့် ကုမ္ပဏီများ (အသေးစိတ်စာရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website – www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။) အနေဖြင့် ယခုကြေညာသည့်နေ့မှစ၍ သတ်မှတ်ကာလ ရက်ပေါင်း (၃၀) အတွင်း စာရင်းရှင်းလင်းခြင်းမရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သင်တန်းဖွင့်လှစ်

**ရွှေဘို နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးသယံဇာတများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးနှင့် ငါးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် စည်းကမ်းတကျလိုက်နာဆောင်ရွက်နိုင်ရေးတို့အတွက် အောက်တိုဘာ ၃၀ ရက်က ရေချိုငါးလုပ်ငန်းဆိုင်ရာဥပဒေနှင့် ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသင်တန်းကို ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးမှူးရုံးတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ငါးမွေးတောင်သူများနှင့် ငါးလုပ်ငန်းဆိုင်ရာ စိတ်ပါဝင်စားသူများ စုစုပေါင်း သင်တန်းသား ၁၇ ဦး တက်ရောက်ခဲ့သည်။ သင်တန်းတွင် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်သန်းဦးနှင့် သင်တန်းနည်းပြ ဆရာ နှစ်ဦး၊ ဆရာမ တစ်ဦးတို့က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁ – ၁၁ –၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂,၁၁၈ | ၁၈,၆၄၃,၄၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၀၅၂ | ၃,၄၂၈,၂၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၇၁၁ | ၁,၉၈၄,၉၀၀ |
| EFR | ၂,၉၅၀ | ၂,၈၅၀ | ၅ | ၁၄,၄၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၄၁ | ၂၀၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၆၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၉၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၆၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၇၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၈.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၃.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၈.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ **ရှေ့ဖုံးမှ**

စစ်ဆေးပြီးတော့ လုပ်ငန်းအားလုံး ပြီးစီးပြီးဖြစ်ပါတယ်။ တွေ့ရှိချက်များကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိနေကြောင်းလည်း ပြောလိုပါတယ်။

**အမြင့်မားဆုံးဖြစ်ပွားခဲ့**

ဒုတိယအချက်အနေဖြင့် ယခုလောလောဆယ်ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပြတ် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ကိုဗစ်ရောဂါ ပထမလှိုင်းဟာ ပြီးခဲ့တဲ့နှစ် မတ်လ ၂၃ ရက်နေ့ကနေ စခဲ့ပါတယ်။ ဩဂုတ်လ ၁၅ ရက်နေ့မှာတော့ ပထမလှိုင်းပြီးခဲ့တယ်လို့ ကျွန်တော်တို့တွေ့တယ်။ ဒုတိယလှိုင်းကတော့ ပြီးခဲ့တဲ့ ၈ လပိုင်း ၁၆ ရက်နေ့ကနေစခဲ့ပြီးတော့ ဒီနှစ် ဇွန်လ ၂၆ ရက်အထိ ဖြစ်ပါတယ်။ မှတ်တမ်းများအရ ကြည့်မယ်ဆိုရင် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကိုဗစ်ရောဂါဖြစ်ပွားမှု ကျွန်တော်တို့နိုင်ငံမှာ အားလုံးပေါင်း ၅၀၀၀၇၃ ယောက်ရှိပါတယ်။ သေဆုံးသူက ၁၈၆၉၇ ယောက် ၃ ဒသမ ၇၄ ရာခိုင်နှုန်းရှိပါတယ်။ အဆိုးဆုံးကတော့ ဇူလိုင်လမှာ ၁၄၁၉၀၈ ယောက်ဖြစ်ခဲ့ပြီး ၃၃ ဒသမ ၃၈ ရာခိုင်နှုန်းနဲ့ အမြင့်မားဆုံးဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ဩဂုတ်လမှာတော့ သေဆုံးမှုအမြင့်ဆုံး ၆၀၅၅ ယောက် ၆ ဒသမ ၀၅ ရာခိုင်နှုန်းရှိတာတွေ့ပါတယ်။ ကိုဗစ်ရောဂါတတိယလှိုင်းဖြစ်ပွားတဲ့ ကာလအတွင်းမှာ အရေးအင်မတန်ကြီးလာတဲ့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့မှ ကိုဗစ်ထိန်းချုပ်ရေးဗဟိုကော်မတီအနေနဲ့ အစည်းအဝေးတွေ ကျွန်တော် ကျင်းပပြီး ထိန်းချုပ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီတတိယလှိုင်းစတင်ဖြစ်ပွားတဲ့ကာလမှာ ကျွန်တော်တို့အခက်အခဲရရာလမ်းကြောင်းကနေ လာရောက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုတွေရှိတယ်။ ဒီလိုကနေပြီးတော့မှ ကျွန်တော်တို့ကြိုးစားဆောင်ရွက်မှုတွေကြောင့် နောက်တစ်ခါ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကနေပြီးတော့ ကာကွယ်ဆေးနဲ့ ကာကွယ်ရေးပစ္စည်းတွေ အဆင်ပြေပြေရရှိရေးကို အများကြီးဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့် ထိန်းသိမ်းနိုင်မှုအခြေအနေများ ကောင်းလာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဆိုလို့ရှိရင် ဖြစ်ပွားမှုရာခိုင်နှုန်းက တစ်နိုင်ငံလုံးနဲ့ ကြည့်မယ်ဆိုရင်တော့ ၅ ရာခိုင်နှုန်းအောက် ကျနေပြီဖြစ်ပါတယ်။ ဒါပေမယ့် အဓိကဖြစ်ပွားမှုနှုန်းများတဲ့ အဓိကမြို့နယ် ၁၅ မြို့နယ်ကို ဖယ်လိုက်လို့ရှိရင် ကျွန်တော်တို့ တကယ်ဖြစ်ပွားတဲ့ ရာခိုင်နှုန်းက ၃ ရာခိုင်နှုန်း ပတ်ဝန်းကျင်ပဲရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီဟာတွေကို ကိုဗစ်ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့လုပ်နိုင်တဲ့ ပမာဏအတွင်းမှာ လုပ်ပြီးပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရပ်ထားခဲ့ရတဲ့ ယန္တရားမျိုးစုံကို ပြန်လည်လည်ပတ်ဖို့အတွက် ဆောင်ရွက်ပေးတာတွေရှိပါတယ်။ အဲဒီတော့ ဒီကိုဗစ်ရောဂါဖြစ်ပွားတဲ့အတွင်းမှာပဲ Stay at Home သတ်မှတ်ခဲ့တာရှိပါတယ်။ ၂၈ ရက် ၅ လ ၂၀၂၁ ရက်နေ့ကနေပြီးတော့ စတင်ကြေညာပြီးတော့ ၂၄ ရက် ၈ လအထိ ၁၁၉ မြို့နယ် ကြေညာခဲ့ရတာရှိပါတယ်။ အခြေအနေကောင်းတဲ့အတွက်ကြောင့် မြို့နယ် ၅၀ ကို ပြန်လည်လွှတ်ခဲ့ပြီးတော့ ၆၉ မြို့နယ် ကျန်ရှိနေတာရှိပါတယ်။ ဒီမြို့နယ်တွေကလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် Stay at Home သတ်မှတ်ချက်ကနေပြီးတော့ လျှော့ချပြီးဆောင်ရွက်နိုင်မယ်လို့ ကျွန်တော် ယူဆပါတယ်။

ကျွန်တော်တို့ တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့ ထူးခြားတဲ့

**ဒီနေ့ဆိုလို့ရှိရင် ဖြစ်ပွားမှုရာခိုင်နှုန်းက တစ်နိုင်ငံလုံးနဲ့ကြည့်မယ်ဆိုရင်တော့ ၅ ရာခိုင်နှုန်းအောက် ကျနေပြီဖြစ်ပါတယ်။ ဒါပေမယ့် အဓိကဖြစ်ပွားမှုနှုန်းများတဲ့ အဓိကမြို့နယ် ၁၅ မြို့နယ်ကို ဖယ်လိုက်လို့ရှိရင် ကျွန်တော်တို့ တကယ်ဖြစ်ပွားတဲ့ ရာခိုင်နှုန်းက ၃ ရာခိုင်နှုန်း ပတ်ဝန်းကျင်ပဲရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီဟာတွေကို ကိုဗစ်ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့လုပ်နိုင်တဲ့ ပမာဏအတွင်းမှာ လုပ်ပြီးပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရပ်ထားခဲ့ရတဲ့ ယန္တရားမျိုးစုံကို ပြန်လည်လည်ပတ်ဖို့အတွက် ဆောင်ရွက်ပေးတာတွေရှိပါတယ်။**

တွေ အများကြီးရှိတယ်။ တစ်အချက်ကတော့ စီးပွားရေးမပြည့်စုံမှု၊ ဒုတိယကတော့ ဆေးပစ္စည်းတွေမပြည့်စုံမှု၊ တတိယကတော့ အောက်ဆီဂျင်မပြည့်စုံမှု၊ စတုတ္ထကတော့ ကျန်းမာရေးဝန်ထမ်းမပြည့်စုံမှု လိုအပ်ချက်တွေရှိတယ်။ ဒါတွေအခက်အခဲတွေ ကြားထဲကနေပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော့်ရဲ့မူကတော့ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူး၊ ဒီကိုဗစ်နဲ့ပတ်သက်လို့ရှိရင် ဘယ်လိုနည်းနဲ့ပဲ ကုန်ကျပါစေ၊ ကျွန်တော်တို့ ကုန်ကျခံမယ်ဆိုပြီးတော့ ပြည်တွင်း ပြည်ပကနေပြီးတော့ ရနိုင်တဲ့လမ်းကြောင်းတွေကနေ ဝယ်ယူဆောင်ရွက်ခဲ့တာတွေရှိတယ်။ ဒီမှာမြန်မာတွေရဲ့ယဉ်ကျေးမှုလက္ခဏာဖြစ်တဲ့ ကူညီချင်တဲ့စိတ်၊ လှူဒါန်းချင်တဲ့ စိတ်တွေကသူများနိုင်ငံတွေထက်သာလွန်တာတွေရှိတယ်။ ဒီစိတ်ဓာတ်တွေကြောင့် ကိုဗစ်ဖြစ်ပွားတဲ့အချိန်မှာ ပြည်သူတွေကနေပြီးတော့ ဆေးပစ္စည်းတွေ၊ ဆေးဝါးတွေ၊ နောက်အောက်ဆီဂျင်တွေကို ရရာလမ်းကြောင်းကနေ ရအောင်ရှာပြီးတော့ လှူဒါန်းမှုတွေပြုခဲ့တယ်။ အလားတူစွာပဲ ကျန်းမာရေးဝန်ထမ်းတွေ လိုအပ်ချက်ရှိတဲ့အချိန်မှာ အငြိမ်းစားဝန်ထမ်းတွေ၊ တပ်မတော်ဘက်၊ နယ်ဘက်ဝန်ထမ်းတွေကလည်း လက္ခဏာရှိတဲ့အတွက်ကြောင့်အဲဒီမှာလည်းကျွန်တော် ပြစ်ဒဏ်ကျခံနေတဲ့ အကျဉ်းသားပေါင်း ၂၃၃၆၉ ဦးကို ပြစ်ဒဏ်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထူးခြားတဲ့ရက် နှစ်ရက်ရှိပါတယ်။ အဲဒါကတော့ နှစ်ဆန်းတစ်ရက်နေ့နဲ့ သီတင်းကျွတ်လပြည့်နေ့ ဖြစ်ပါတယ်။ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတယ်။ ဆရာသမား၊ မိဘတွေကိုလည်း ကန်တော့ကြတယ်။ ဒီလိုအတွက်ကြောင့် ဒီကုသိုလ်လေးတွေကိုရရှိစေရန်အလို့ငှာပဲ ၂၃၁၈၄ ဦးကို မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါတယ်။ အလားတူစွာပဲသီတင်းကျွတ်လပြည့်နေ့မှာလည်း ၅၆၃၆ ယောက်၊ အမှုပိတ်သိမ်းတဲ့သူတွေ အပါအဝင် လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါတယ်။ အလားတူပဲ NCA (၆)နှစ်ပြည့်ဖြစ်တဲ့ အထိမ်းအမှတ်နေ့ အောက်တိုဘာ ၁၅ ရက်နေ့ကလည်း ၁၁၄ ဦးကို လွတ်ငြိမ်းခွင့်ပေးခဲ့တာရှိပါတယ်။ ဒါတွေကြောင့် အားလုံးပေါင်းပြစ်ဒဏ်ကနေ လွတ်ငြိမ်းခွင့်ပေးခဲ့တာဟာ ၄၇၈၆၉ ယောက်ရှိပြီး အမှုပိတ်သိမ်းမှုပေါင်း ၄၄၃၄ ယောက်ရှိကြောင်း ပြောကြားလိုပါတယ်။

**ကာကွယ်ဆေးထိုးပြီးသူပေါင်း ၁၃ ဒသမ ၃ သန်း**

ဆက်လက်ပြီး ကျွန်တော် ကိုဗစ်ရောဂါကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေများကို

**ကျွန်တော်တို့က ကျောင်းတွေဖွင့်ဖို့ပြင်ဆင်တဲ့အခါမှာ ကျောင်းသားတွေ ဆေးထိုးဖို့လိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ခုနကပြောတဲ့ ဦးတည်သူ အသက် ၄၅ နှစ်ကနေပြီးတော့ အသက် ၁၂ နှစ်အထက် ကျောင်းသားတွေဆေးထိုးဖို့အတွက်လဲ ဆောင်ရွက်ခဲ့ပါတယ်၊ အားလုံးပေါင်း Register လုပ်ထားတဲ့ကျောင်းသား ပေါင်း ၁ ဒသမ ၁ သန်းကျော်ရှိပါတယ်။ အဲ့ထဲကနေပြီးတော့ အောက်တိုဘာ ၃၁ ရက်နေ့အထိ ၉ ဒသမ ၈ သိန်း(First Dose) ထိုးနှံပြီးဖြစ်ပါတယ်။ ၈၄ ဒသမ ၆ ရာခိုင်နှုန်းထိုးပြီးဖြစ်ပါတယ်။ (Second Dose) ကိုတော့ နိုဝင်ဘာလ ၉ ရက်နေ့မှာ ဆက်လက်ထိုးမယ် လို့ စီစဉ်ထားကြောင်း ကျွန်တော်အသိပေးလိုပါတယ်။ အလားတူစွာပဲ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းတွေကိုလည်း မကြာခင်မှာဘဲ ဖွင့်နိုင်ဖို့အတွက် ကျွန်တော် ကြိုးစားဆောင်ရွက်နေတဲ့အတွက်ကြောင့် တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ မှတ်ပုံတင်ထားတဲ့သူများကိုလည်း အမြန်ဆုံး ထိုးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတဲ့အကြောင်းကို ပြည်သူလူထုကို ကျွန်တော်အသိပေးလိုပါတယ်။**

တင်ပြလိုပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံကနေ ကာကွယ်ဆေးဝယ်ယူရရှိမှု၊ လှူဒါန်းမှုတွေအားလုံးပေါင်းဟာ ၃၃ ဒသမ ၈ သန်းရှိပါတယ်။ အဲဒီကနေ ကျွန်တော်တို့ ဇန်နဝါရီလ ၂၇ ရက်နေ့ကနေစပြီးတော့ ကာကွယ်ဆေးထိုးနှံမှုတွေ ကျွန်တော်တို့ စခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၃၁ ရက်နေ့အထိ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၁၃ ဒသမ ၃ သန်း၊ ပထမအကြိမ်ထိုးတာရော ဒုတိယအကြိမ် ထိုးတာရော နှစ်ကြိမ်ထိုးတာရော ပါဝင်ပါတယ်။ ဦးတည်ထားတာက ၄၅ နှစ်အထက် ဦးတည်ထိုးတာဆိုတော့ ၄၅ နှစ်အထက် လူဦးရေ၏ ၃၅ ရာခိုင်နှုန်းကျော် ထိုးပြီးဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ အလားတူစွာပဲ နိုင်ငံ့ဝန်ထမ်းအားလုံး ၈ သိန်းကျော်ရှိပါတယ်။ အဲဒီထဲကနေပြီးတော့မှ ၃၅၄၀၀၀ ကျော် ထိုးနှံပြီးဖြစ်ပါတယ်။ ၄၄ ဒသမ ၂ ရာခိုင်နှုန်းကျော် ထိုးပြီးဖြစ်တယ်လို့ ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့က ကျောင်းတွေဖွင့်ဖို့ပြင်ဆင်တဲ့အခါမှာ ကျောင်းသားတွေ ဆေးထိုးဖို့လိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ခုနကပြောတဲ့ ဦးတည်သူ အသက် ၄၅ နှစ်ကနေပြီးတော့ အသက် ၁၂ နှစ်အထက်ကျောင်းသားတွေ ဆေးထိုးဖို့အတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ အားလုံးပေါင်း Register လုပ်ထားတဲ့ကျောင်းသားပေါင်း ၁ ဒသမ ၁ သန်းကျော်ရှိပါတယ်။ အဲဒီထဲကနေပြီးတော့ အောက်တိုဘာ ၃၁ ရက်နေ့အထိ ၉ ဒသမ ၈ သိန်း(First Dose) ထိုးနှံပြီးဖြစ်ပါတယ်။ ၈၄ ဒသမ ၆ ရာခိုင်နှုန်းထိုးပြီးဖြစ်ပါတယ်။ (Second Dose) ကိုတော့ နိုဝင်ဘာလ ၉ ရက်နေ့မှာ ဆက်လက်ထိုးမယ်လို့ စီစဉ်ထားကြောင်း ကျွန်တော်အသိပေးလိုပါတယ်။ အလားတူစွာပဲ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းတွေကိုလည်း မကြာခင်မှာပဲ ဖွင့်နိုင်ဖို့အတွက် ကျွန်တော် ကြိုးစားဆောင်ရွက်နေတဲ့အတွက်ကြောင့် တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ မှတ်ပုံတင်ထားတဲ့သူများကိုလည်း အမြန်ဆုံးထိုးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတဲ့အကြောင်းကို ပြည်သူလူထုကို ကျွန်တော်အသိပေးလိုပါတယ်။ ကျောင်းဖွင့်ရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဇွန်လ ၁ ရက်နေ့မှာ ကျောင်းတွေ ဖွင့်လှစ်ခဲ့တယ်။ သို့သော်လည်းပဲ ဒုတိယလှိုင်းအပြီးနဲ့ တတိယလှိုင်းအရှိန်မြင့်လာတဲ့အတွက်ကြောင့် ဇူလိုင်လ ၉ ရက်နေ့မှာ ပြန်ပိတ်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာတာတွေ့ရတဲ့အတွက်ကြောင့် ပြည်နယ်နှင့် တိုင်း ၉ ခုမှာ ဖြစ်ပွားမှုနှုန်းများနေဆဲဖြစ်တဲ့ မြို့နယ် ၄၆ မြို့နယ်ကို ချန်လှပ်ပြီးတော့မှ ကျန်တဲ့ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ အပါအဝင်အားလုံး ဒီနေ့ကစပြီး စတင်ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ မိဘပြည်သူများကို မေတ္တာရပ်ခံချင်တာကတော့ ကိုဗစ်စည်းကမ်းနဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ ဒါတွေကိုအပြည့်အဝလိုက်နာပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် လက်ရှိ ကျောင်းဖွင့်လှစ်မှုကိုလည်း ထိခိုက်မှုလျော့နည်းနိုင်စရာ အကြောင်းရှိတဲ့အတွက်ကြောင့် ဒါကိုလည်း တိတိကျကျနဲ့ အလေးထားဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ တစ်ဖက်ကလည်း ကျန်ရှိတဲ့ ၄၆ မြို့နယ်မှာရှိတဲ့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်ဆိုရင် ကိုဗစ်ဖြစ်ပွားမှုနှုန်းကို လျော့ကျအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာမြို့နယ်များ၊ သက်ဆိုင်ရာပြည်နယ်၊ တိုင်းအစိုးရများကနေပြီးတော့မှ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် အခြေအနေကောင်းတွေရနိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဖြစ်ပွားမှုနှုန်းများနေတယ်လို့ ယူဆရတဲ့ ရှမ်းပြည်နယ်ဒေသကိုလည်း ဒုတိယဝန်ကြီးတစ်ဦးကို ကျွန်တော် တောင်ကြီးမြို့မှာ တာဝန်ယူကွပ်ကဲပြီးတော့မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ကို အထူးအဖွဲ့တွေနဲ့ ကျွန်တော် တွန်းအားပေးပြီးတော့ ဆောင်ရွက်ပေးနေတယ်ဆိုတဲ့အကြောင်းလေးလည်း အသိပေးလိုပါတယ်။

ဆက်လက်ပြီး စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီးတော့ နည်းနည်းလေး ကျွန်တော်ပြောလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက်ကြောင့် ရေ၊ မြေဩဇာ အရေးကြီးတဲ့အကြောင်းကို အခါအားလျော်စွာ ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ မိုးရွာသွန်းမှုနဲ့ပတ်သက်ပြီးတော့ စံပြုမြို့နယ် ၇၅ မြို့နယ်ကို ကောက်ယူခဲ့ရာမှာ ၅၄ မြို့နယ်က ယခင်နှစ်မိုးရေချိန်ထက်ကို ပိုမိုများပြားနေတာကို တွေ့ပါတယ်။ လက်ရှိအခြေအနေမှာ တစ်နိုင်ငံလုံး မိုးရွာသွန်းမှု အားကောင်းခဲ့ပါတယ်။ တစ်ခါကျွန်တော်တို့ အဓိက ဆည်တွေပေါ့ဗျာ၊ ဆည်ပေါင်း ၂၅၀ ကို စစ်တမ်းကောက်တဲ့အခါမှာလည်း ၃၁ ဆည်က ယခင်နှစ် ဝင်ရောက်ခဲ့တဲ့ စံချိန်ထက်ကျော်ပြီးတော့ ရေကျော်နေပြီဖြစ်ပါတယ်။ **စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ

အလားတူစွာပဲ ဆည်ပေါင်း ၁၇၄ ဆည်ဟာ ကာလတူနဲ့ ယှဉ်မယ်ဆိုလို့ရှိရင် ပိုနေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ကျန်တဲ့ ၄၅ ဆည်က နည်းနည်းလေး လျော့နေတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အခု ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ပျိုးမှုက ၁၅ သန်းရှိပါတယ်။ ဒီ ၁၅ သန်းမှာ ရာနှုန်းပြည့်နီးပါး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆည်တွေရေတွေ ကောင်းတယ်၊ မိုးကောင်းတယ် ဆိုသော်လည်းပဲ ကျွန်တော်တို့ နွေစပါး၊ နွေရာသီမှာ ဆည်ရေတွေ ပြည့်ဖို့လိုပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုလို့ရှိရင် အောင်ရေတွေပေးဖို့ လိုအပ်ပါတယ်။ အောင်ရေတွေ ပေးဖို့အတွက်ကို ကျွန်တော်တို့ လက်ရှိရှိထားတဲ့ ဆည်ရေတွေကိုလည်း ခြိုးခြံချွေတာပြီးတော့မှ အနည်းဆုံးလိုအပ်ချက်နဲ့ အလုံအလောက် ပေးနိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါကိုလည်း အကျိုးရှိရှိအသုံးချပါလို့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်တို့အတွက် ကံကောင်းတာတစ်ချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီတစ်နှစ်လုံး မိုးကောင်းခဲ့တယ် ဆိုသော်လည်းပဲ မြန်မာနိုင်ငံအောက်ပိုင်းမှာ ရှိတဲ့ တချို့မြို့နယ်များ ရေကြီးတာကလွဲလို့ရှိရင် သဘာဝဘေးအန္တရာယ် ကြီးကြီးမားမား မဖြစ်ခဲ့တာကို တွေ့ရပါတယ်။

### ဒီဇယ်နဲ့ ဓာတ်ဆီတင်သွင်းရမှု ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံရှိ

နောက်တစ်ခုကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ဒီဇယ်နဲ့ ဓာတ်ဆီတင်သွင်းရမှုဟာ အားလုံးပေါင်း တန်ဖိုးအားဖြင့် ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံ ရှိပါတယ်။ ပြီးခဲ့တဲ့ မိန့်ခွန်းတွေမှာ ကျွန်တော်ထည့်ခဲ့ပါတယ်။ အဲဒါဘာလဲဆိုတော့ စားအုန်းဆီနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာပဲ တန်ချိန် ရှစ်သိန်းကျော်သွင်းခဲ့ရပြီးတော့မှ ၈၂၆ သန်းဖိုး သွင်းခဲ့ရတာရှိပါတယ်။ အဲဒီတော့ ခုနက စက်သုံးဆီရယ်၊ စားသုံးဆီရယ် ပေါင်းလို့ရှိရင် သုံးဘီလီယံနီးပါး လောက်ရှိတာကို တွေ့ရပါတယ်။ အဓိက ကျွန်တော်ဆိုလိုချင်တာကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီးတော့ အတတ်နိုင်ဆုံး ခြိုးခြံချွေတာသုံးစွဲဖို့ မေတ္တာရပ်ခံလိုပါတယ်။ အထူးသဖြင့် သွားလာရေးနဲ့ ပတ်သက်လို့ရှိရင် Public Transportation ဖြစ်တဲ့ မီးရထား၊ ဘတ်စ်ကား၊ မြို့ပတ်ရထား ဒါတွေကို အဓိကထား သုံးစွဲမယ်ဆိုလို့ရှိရင် ပိုပြီးတော့ အကျိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော် မီးရထားလမ်းတွေကိုလည်း တတ်နိုင်သလောက် အကုန်လုံး ကြိုးစားပြီး ဖွင့်လှစ်ပေးပါတယ်။ ဘယ်လောက်ပဲ အဖျက်အမှောင့် လုပ်ငန်းတွေ ရှိနေပါစေ။ တိုင်းပြည်အတွက် အကျိုးရှိတဲ့ လုပ်ငန်းဖြစ်လို့ ကျွန်တော်တို့ ဒါကိုကြိုးစားပြီး ဖွင့်လှစ်ပေးနေတာရှိပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့ ရထားနဲ့ ဘတ်စ်ကား အသုံးပြုပြီးတော့ ခရီးသွားလာခြင်းကို အားပေးကြဖို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။ ထို့အတူပဲ ခုနကပြောတဲ့ စားသုံးဆီနဲ့ပတ်သက်လို့ရှိရင်လည်း မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံတွေ စိုက်ပါတယ်။ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည်ဖြင့် စိုက်တာပေါ့။ ပြီးခဲ့တဲ့ ကာလအတွင်းမှာ စီးပွားကူးသန်းဝန်ကြီးဌာနက တင်ပြတဲ့ ကိန်းဂဏန်းအရဆိုလို့ရှိရင် အခုထွက်တဲ့ ဆီထွက်သီးနှံတွေက သာမန် စားသုံးမှုတွေကို ချန်လှပ်ပြီး ဆီကြိတ်ခွဲမှုက တန်ချိန် ၆၆၀၀၀ ကျော်ရတယ်လို့ ကျွန်တော်တို့ တွေ့ရပါတယ်။ ဆိုလိုတာကတော့ အတိုင်းအတာတစ်ခုအထိတော့ ကျွန်တော်တို့က ပြည်တွင်းမှာ စားသုံးဆီထွက်ပါတယ်။ ထို့အတူပဲ ပြည်ပကနေ တင်သွင်းတဲ့ စောစောကပြောတဲ့ တန်ချိန် ရှစ်သိန်းကျော်မှာလည်း ကျွန်တော့်ကိုလည်း တချို့က ပြောပါတယ်။ ဒီဆီတွေက စားသုံးဆီတင်မဟုတ်ဘူး စက်သုံးဆီမှာပါ သုံးတယ်လို့၊ စက်မှုလုပ်ငန်းမှာ သုံးတယ်လို့ ပြောပါတယ်။ မည်သို့ပင်ဆိုစေကာမူ ပေါ့ဗျာ။ ကျွန်တော်တို့ ဆီစားသုံးမှုမှာတော့ များနေတာကို သုတေသနပြုချက်အရ တွေ့ပါတယ်။ မိဘပြည်သူများ ဆိုင်တွေမှာ ရောင်းချနေတဲ့ ဟင်းလျာတွေကို ကြည့်ပါ၊ ဆီပြန်ဟင်းတွေများတာကို တွေ့ရပါလိမ့်မယ်။ အိမ်တွေမှာ ဆိုလို့ရှိရင်လည်း ဆီနိုင်နိုင်ထားပြီးတော့မှ သုံးကြတာလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာ မိရိုးဖလာစားတဲ့အထဲမှာ လက်ဖက်တို့၊ ပဲပြုတ်တို့၊ ငါးခြောက်ဖုတ်တို့ တော်တော်များများ စားကြပါတယ်။ ဒီနေရာမှာလည်း ဆီနိုင်းချင်းလေးနဲ့ စားကြတာကို တွေ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီအစားအစာတွေ ကြိုက်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာကတော့ အတတ်နိုင်ဆုံး ဆီအနည်းဆုံး ထည့်သွင်းပြီးတော့ အသုံးပြုမယ်ဆိုလို့ရှိရင် ဆီချွေတာရာလည်း ရောက်ပါတယ်။ တိုင်းပြည်အတွက် ကုန်ကျနေတဲ့ စားသုံးဆီတင်သွင်းမှုကိုလည်း လျော့နည်းစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဓိကအားဖြင့်တော့ စက်မောင်းဆီအသုံးချမှု လျော့ချပေးနိုင်ဖို့ရယ်၊ ဒုတိယအနေနဲ့ကတော့ စားသုံးဆီအသုံးချမှု လျော့ချပေးနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်ပြောလိုပါတယ်။

### ကုန်သွယ်မှု ပိုငွေ ၂၆၈ ဒသမ ၉၈ သန်းဖြစ်

ဆက်လက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ကုန်သွယ်ရေး အခြေအနေနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၉၅၈၅ ဒသမ ၁၄၉ ရှိခဲ့ပါတယ်။ အဲဒီမှာ ပင်လယ်ရေကြောင်းက ကုန်သွယ်မှုပမာဏ ၁၉၈၃၂ ဒသမ ၁၃၁ သန်း၊ နယ်စပ်ကနေပြီးတော့ ၉၇၅၃ ဒသမ ၀၈၁ သန်း ဖြစ်ပါတယ်။ အဲဒီမှာ ပို့ကုန်၊ သွင်းကုန် ပြန်ယှဉ်ကြည့်မယ် ဆိုလို့ရှိရင် ပို့ကုန်က ၁၄၉၂၇ ဒသမ ၀၆၅ သန်းဖြစ်ပြီးတော့ သွင်းကုန်က ၁၄၆၅၈ ဒသမ ၀၈၄ သန်းဖြစ်တဲ့အတွက်ကြောင့် ကုန်သွယ်မှု ပိုငွေ ၂၆၈ ဒသမ ၉၈ သန်းဖြစ်တာကို တွေ့ပါတယ်။ ကာလတူမှာ ကုန်သွယ်မှုအနေနဲ့ လိုငွေ ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၆၃၈ ဒသမ ၇၄၉ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အခြေအနေ ကောင်းတယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးကလည်း အဓိကကျတာကို ကျွန်တော်တွေ့ပါတယ်။ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးမှာ အဓိကကျတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်ပြီးရင် အိန္ဒိယတို့ ဖြစ်ပါတယ်။ အဓိကကတော့ တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံ ဖြစ်ပါတယ်။ တရုတ်နယ်စပ် ကုန်သွယ်ရေးမှာတော့ ကျွန်တော်တို့နယ်စပ်ဒေသမှာ ကိုဗစ်ဖြစ်ပွားမှုနှုန်းများပြားတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ပို့ကုန်တွေကို တရုတ်နိုင်ငံကနေပြီးတော့မှ သူတို့ရဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှု မူဝါဒနဲ့အညီ တချို့နေရာလေးတွေမှာ စည်းကမ်းသတ်မှတ်ခဲ့တာ ရှိတဲ့အတွက်ကြောင့် တချို့ကို ကျွန်တော်တို့ မပို့နိုင်ခဲ့ပါဘူး။ သို့သော်လည်းပဲ အခု ကိုဗစ် ထိန်းချုပ်မှု အားကောင်းလာပြီ ဖြစ်တဲ့အတွက်ကြောင့် နယ်စပ်ကုန်သွယ်ရေးမြှင့်တင်၊ ဖွင့်နိုင်ရေးအတွက်လည်း ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ နယ်စပ်ဒေသတွေမှာရှိနေတဲ့ မြို့နယ်များအနေနဲ့ ကိုဗစ်ရောဂါ ထိန်းချုပ်မှုကို ယခုထက် ပိုမိုပြီးတော့မှ တင်းတင်းကျပ်ကျပ် အလေးထားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နယ်စပ်ကုန်သွယ်ရေးဟာ အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ အဲဒီတော့ ခုနက ကျွန်တော်ရှင်းပြတဲ့ ဆီ ၂ ဆီကိုလည်း ထိုက်သင့်တဲ့ ပမာဏ လျှော့ချပြီးတော့မှ သုံးစွဲမယ်ဆိုလို့ရှိရင် အခုလာမယ့် အောက်တိုဘာကနေပြီးတော့မှ မတ်လထိ လုပ်မယ့် mini budget အတွင်းမှာလည်း ကုန်သွယ်မှု ပိုငွေရရှိမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ကုန် ဦးစားပေးတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ကုန်ထုတ်လုပ်မှုကို အားပေးပါတယ်။ ပြည်တွင်း တိုင်းရင်းသားများရဲ့ ကုန်ထုတ်လုပ်မှုကို အားပေးပါတယ်။ SME ကို ကျွန်တော် အားပေးပါတယ်။ ဒါတွေကို စနစ်တကျဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပို့ကုန်ပမာဏတွေလည်း ပိုပြီးတော့မှ များပြားလာပြီးတော့မှ ကုန်သွယ်မှုမှာလည်း ရလဒ်ကောင်းတွေ ထွက်လာလိမ့်မယ်ဆိုတာလည်း ပြောလိုပါတယ်။

### စားသုံးမှု ပုံစံပြောင်းလဲရေး

အဲဒီတော့ နောက်တစ်ချက် ပြည်သူများကို တိုက်တွန်းလိုတာတစ်ခု ရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့ စားသုံးမှုပုံစံ ပြောင်းလဲရေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက မိရိုးဖလာအားဖြင့်တော့ ဆန်ကို အဓိကထားပြီးစားတာ ဖြစ်ပါတယ်။ အချို့ နှစ်နပ်စားတာရှိတယ်။ အချို့ သုံးနပ် စားတာ ရှိပါတယ်။ အဲဒီတော့ ဆန်ကို အဓိကထားပြီး စားတဲ့အတွက်ကြောင့် ဆန်ကနေရတဲ့ အာဟာရကတော့ ပိုပြီး ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ဗိုက်ဝဖို့ကို အဓိကဆိုပြီး စားတဲ့အတွက်ကြောင့် အချို့နေရာတွေမှာ ခန္ဓာကိုယ်က လိုအပ်တဲ့ အာဟာရကို ပြည့်ပြည့်ဝဝ မရတာတွေ ရှိပါတယ်။ ဒါကြောင့် ဆန်စားသုံးမှုကို အနည်းငယ်လျှော့ချပြီးတော့မှ အခြားလိုအပ်တဲ့ အသားတို့၊ ငါးတို့၊ ဟင်းသီးဟင်းရွက်တို့ ဒါတွေကို ထိုက်သင့်သလို ရရှိအောင် ဖြည့်ဆည်းဆောင်ရွက် စားသွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူရမယ်လို့ ကျွန်တော် တွေ့မိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေး အဓိကထားတဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီမှာ စားရေရိက္ခာ အခြေခံအားဖြင့် ရှိပြီးသားဖြစ်ပါတယ်။ ဒါတွေ ပေါများအောင်လည်း ကျွန်တော့်ရဲ့ ရည်မှန်းချက်အတိုင်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက်က တစ်အနေနဲ့ တစ်နိုင်ငံလုံး သာယာဝပြောမှု ရှိရမယ်။ နှစ်အနေနဲ့ကတော့ စားရေရိက္ခာပေါများရမယ်ဆိုပြီး ရည်ရွယ်ပြီး ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါကြောင့် ဒီစိုက်ပျိုးရေးနဲ့ မွေးမြူရေး ထုတ်ကုန်တွေကို ဒီထက်ပိုပြီးတော့ ထွက်အောင်လို့ နိုင်ငံတော်အစိုးရအနေနဲ့ နည်းလမ်းပေါင်းစုံကနေ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ မြစ်၊ ချောင်းတွေ ပေါပါတယ်။ မြစ်အတွင်းမှာ ငါးမျိုးတွေ စိုက်ထည့်တာတွေကို နိုင်ငံတော်ကနေ သန်းပေါင်းများစွာ ကျခံပြီးတော့မှ ငါးမျိုးစိုက်ထည့်ပေးလျက် ရှိပါတယ်။ ဒါတွေကို ဖမ်းယူပြီး ရောင်းမယ်ပဲဖြစ်ဖြစ်၊ စားမယ်ပဲဖြစ်ဖြစ် ဒါတွေက ရရှိတဲ့သူအတွက်ကတော့ အကျိုးရှိမယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စားသုံးမှုပုံစံများကို ပြင်မယ်ဆိုလို့ရှိရင် လူမှုကျန်းမာရေးတွေလည်း အများကြီးကို ပြောင်းလဲသွားနိုင်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ သာမန်အားဖြင့် လူတစ်ယောက်က မနက်၊ နေ့လယ် နို့ဆီဘူး တစ်ဘူးစီလောက် စားပါတယ်။ မနက်စောစောစာမှာလည်း ဘူးတစ်ဝက်လောက် စားတဲ့အတွက်ကြောင့် နှစ်ဘူးခွဲလောက်ကုန်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ တပ်မတော်မှာလည်း ဒီတိုင်းပါပဲ၊ ဒီနှုန်းနဲ့ပဲ စားပါတယ်။ ဒါကို ၁၀ ရာခိုင်နှုန်းလောက် လျှော့ချပြီးတော့မှ စားသုံးကြည့်တဲ့အခါမှာ ကျွန်တော်တို့ဘက်က သုတေသနပြုချက်အရ တော်တော်အကျိုးရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒါလေးကိုလည်း ထိုက်သင့်သလို ထိန်းသိမ်းပြီးတော့မှ စားသုံးမှုပုံစံမျိုး ပြောင်းလဲသွားမယ်ဆိုလို့ရှိရင် ပြည်သူများရဲ့ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူရမယ် ဆိုတာလေးလည်း ကျွန်တော်အကြံပြုလိုပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ ဒါကို ထည့်သွင်းစဉ်းစားပြီးတော့မှ ဆုံးဖြတ်ဆောင်ရွက်စေလိုပါတယ်။ နောက် ဆန်မဖူလုံတဲ့ဒေသတွေရှိပါတယ်။ အဲဒီဒေသတွေ ဆန်ဖူလုံရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွန်းအားပေးပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါလည်း သက်ဆိုင်ရာ ကာယကံရှင်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးများကလည်း တစ်ဖက်က ကြိုးစားဆောင်ရွက်သလို တစ်ဖက်စားသုံးမှုပုံစံပြောင်းလဲတဲ့အခါမှာလည်း အထောက်အကူရအောင် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် အကျိုးရှိမယ်လို့ ကျွန်တော်ပြောလိုပါတယ်။

### ဝိုင်းဝန်းကြိုးစားဆောင်ရွက်

မိဘပြည်သူများအနေနဲ့ ယခုကာလမှာတော့ ကျွန်တော်တို့ဟာ နိုင်ငံကို တိုးတက်အောင်၊ တည်ငြိမ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံသူ နိုင်ငံသားတွေ တိုင်းပြည်ကို ချစ်စိတ်နဲ့ ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် မရစရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့ အပေါ်မှာလည်း နိုင်ငံရေးအရပေါ့ဗျာ။ ဝေဖန်မှုတွေမျိုးစုံ၊ ကန့်သတ်မှုတွေမျိုးစုံနဲ့ ကြုံနေရတဲ့ ကာလဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသားများဟာ မိမိကိုယ်သာ ကိုးကွယ်ရာဆိုတဲ့ စကားအတိုင်းပဲ ကိုယ့်အားကိုယ်ကိုးပြီးတော့မှ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာရှိတဲ့အတွက်ကြောင့် ပြည်သူတွေရဲ့အားကို အားကိုးပြီးတော့မှ ဆောင်ရွက်သွားမယ် ဆိုလို့ရှိရင် နိုင်ငံအတွက် များစွာကို တိုးတက်ပြောင်းလဲမှုရှိနိုင်တယ်ဆိုတာ ကျွန်တော် အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**နောက်တစ်ခုကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ဒီဇယ်နဲ့ ဓာတ်ဆီတင်သွင်းရမှုဟာ အားလုံးပေါင်း တန်ဖိုးအားဖြင့် ဒေါ်လာ ၂ ဒသမ ၁၂၉ ဘီလီယံ ရှိပါတယ်။ ပြီးခဲ့တဲ့ မိန့်ခွန်းတွေမှာ ကျွန်တော်ထည့်ခဲ့ပါတယ်။ အဲဒါဘာလဲဆိုတော့ စားအုန်းဆီနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာပဲ တန်ချိန် ရှစ်သိန်းကျော် သွင်းခဲ့ရပြီးတော့မှ ၈၂၆ သန်းဖိုး သွင်းခဲ့ရတာရှိပါတယ်။ အဲဒီတော့ ခုနက စက်သုံးဆီရယ်၊ စားသုံးဆီရယ် ပေါင်းလို့ရှိရင် သုံးဘီလီယံနီးပါးလောက်ရှိတာကို တွေ့ရပါတယ်။ အဓိက ကျွန်တော် ဆိုလိုချင်တာကတော့ စက်သုံးဆီနဲ့ပတ်သက်ပြီးတော့ အတတ်နိုင်ဆုံး ခြိုးခြံချွေတာ သုံးစွဲဖို့ မေတ္တာရပ်ခံလို**

## ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလို

**နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မထိခိုက်စေရန် သဘောထားကြီးစွာဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလိုပါသည်။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၆၃ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များကို အများပြည်သူက တိုက်ရိုက်ဖမ်းယူရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်စက်များ၊ မြေပေါ်မြေအောက်ဆက်ကြောင်းကြိုးများ၊ ဂြိုဟ်တုများမှတစ်ဆင့် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ထုတ်လွှင့်ခြင်းကို ဆိုသည်။"

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၆ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း သုံးရာမှ ကျပ်သိန်း ငါးရာအထိ"ဆိုသည့် စကားရပ်ကို "အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၇ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း ငါးဆယ်မှ ကျပ်သိန်း တစ်ရာအထိ" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၈ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း တစ်ရာမှ ကျပ်သိန်း သုံးရာအထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၉ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်း သုံးရာမှ ကျပ်သိန်း ငါးရာအထိ"ဆိုသည့် စကားရပ်ကို "အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၉ ၏နောက်တွင် ပုဒ်မ ၉၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၉၉-က။ မည်သူမဆို ပုဒ်မ ၁၀၆ အရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀၅ ၏နောက်တွင် ပုဒ်မ ၁၀၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၀၅-က။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၁-၁၀-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁-၁၀-၂၀၂၁ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော်မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

# ကင်းမမှ ထန်တလန်၊ လုပ်ကြံ ဂျီနိုဆိုက် မီဒီယာတိုက်ခိုက်မှုများ

ကိုမြန်မာ

"သစ္စာဝါဒက ဖိနပ်စီးနေစဉ်တွင်၊ မုသာဝါဒက ကမ္ဘာတစ်ပတ် ပတ်ပြီးခဲ့လေပြီ။" ဟူသော ဆိုရိုးစကားမှာ ယခုကဲ့သို့ တစ်စက္ကန့်တွင် ကမ္ဘာကို ခုနစ်ပတ်ခွဲခန့် ပတ်နိုင်သည့် လျှပ်စစ်သံလိုက်လှိုင်းသုံး အင်တာနက်ခေတ်ကြီးတွင် ပို၍ပို၍ သွေးထွက်အောင် မှန်လှသည်။ အောက်တိုဘာ ၂၉ ရက်နေ့လယ်ပိုင်းမှစ၍ ချင်းပြည်နယ် ထန်တလန်မြို့တွင် လုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မီးရှို့မှုကြောင့် တစ်မြို့လုံး မီးလောင်ပျက်စီးလျက်ရှိသည်"ဟူသော သတင်းများက သတင်းမီဒီယာများနှင့် လူမှုမီဒီယာ စာမျက်နှာများစွာတွင် တောမီးလောင်သလို ပျံ့နှံ့လာခဲ့သည်။ မြို့လယ်ရှိ အဆောက်အအုံများ မီးလောင်နေမှုကိုလည်း အားကောင်းသော အဆင့်မြင့်ဒရုန်းကင်မရာမှ ရိုက်ကူးထားသော ကြည်လင်ပြတ်သားသည့် ဓာတ်ပုံနှင့် ဗီဒီယိုများလည်း အချိန်နှင့်တစ်ပြေးညီပင် အင်တာနက်လိုင်းပေါ်တွင် ပေါ်ထွက်လာခဲ့သည်ကို တွေ့ရသည်။

### ချက်ချင်းမတုံ့ပြန်နိုင်

ထိုကဲ့သို့ တာဝန်မဲ့သည့် မီဒီယာများက ထင်သလို ထုတ်လွှင့်၍ကောင်းနေချိန်တွင် တာဝန်ရှိသူများဘက်ကတော့ သတင်းမှန်၊ မြေပြင်အချက်အလက်မှန်များကို ရယူရှာဖွေစိစစ်နေရသည့်အတွက် ချက်ချင်းမတုံ့ပြန်နိုင်။ နောက်တစ်နေ့ အောက်တိုဘာလ ၃၀ ရက်နေ့ကျမှ သတင်းထုတ်ပြန်နိုင်ခဲ့သည်။ ထိုသို့ အချိန်နောက်ကျမှ တုံ့ပြန်နိုင်သည့်အတွက် အားမလိုအားမရ ဝေဖန်ကြမှုများလည်းရှိခဲ့သည်။ သို့ရာတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ အသိအမြင်ဗဟုသုတများသည့် လေ့လာသူများကမူ အစိုးရဘက်မှ တရားဝင်သတင်းထုတ်ပြန်ချက် ထွက်မလာမီကပင် ဤကိစ္စသည် ရည်ရွယ်ချက်ရှိရှိဖြင့် တမင်လုပ်ကြံဖန်တီးခဲ့သော လုပ်ရပ်ဖြစ်ကြောင်းကို သုံးသပ်နိုင်ခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော် ယခု ထန်တလန်ဖြစ်စဉ်သည် ယခင်တစ်ကြိမ် စစ်ကိုင်းတိုင်းဒေသကြီး ကင်းမကျေးရွာ မီးရှို့ခံရမှုဖြစ်စဉ်၏ ပုံတူသဖွယ်ဖြစ်နေပြီး ကင်းမဖြစ်စဉ်ထက် ပို၍စနစ်တကျ အကွက်ချစီစဉ်မှုများက ပိုမိုထင်ရှားလာသောကြောင့် ဖြစ်သည်။

ပထမဦးစွာ ကင်းမ ဖြစ်စဉ်တွင် ကင်းမရွာသူရွာသားများ ထွက်ပြေးတိမ်းရှောင်နေချိန်တွင် -PDF အကြမ်းဖက်အုပ်စုများက ရွာတွင်းရှိ ယင်းတို့မလိုလားသူ၏ အိမ်ကိုစတင်မီးရှို့ခဲ့ပြီး တစ်ရွာလုံးသို့ မီးကူးစက်လောင်ကျွမ်းသော အခါကျမှ ဓာတ်ပုံဗီဒီယိုများ ရိုက်ကူးလျက် အွန်လိုင်းမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ခဲ့ကြသည်။ ထိုထုတ်လွှင့်မှုများကိုပင် ဘာမျှ စိစစ်အတည်ပြုမှုများ မပြုလုပ်ဘဲ အနောက်အုပ်စုသံရုံးများက လုံခြုံရေးတပ်ဖွဲ့များ၏ လက်ချက်ဟု မဆင်မခြင် စွပ်စွဲဝေဖန်ခဲ့ကြသည်။ အနောက်မီဒီယာကြီးများကလည်း အလားတူ ဖော်ပြခဲ့ကြသည့်အပြင် အချို့မီဒီယာများက ကင်းမရွာသူ PDF အဖွဲ့ဝင်တစ်ဦးကို အပြစ်မဲ့ရွာသူ တစ်ဦးအသွင်ယူစေလျက် လုပ်ကြံအင်တာဗျူးများပင် ပြုလုပ်ကာ အသံလွှင့်ခဲ့သေးသည်။ သို့ရာတွင် ချက်ချင်းဆိုသလိုပင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာတွင်းရှိ အဘိုးအို၊ အဘွားအိုတို့ကို မီးကြားမှ ဆွဲထုတ်ပွေ့ချီသယ်ထုတ်ကာ ကယ်ဆယ်လာသည့် ရုပ်သံဗီဒီယိုမှတ်တမ်းများ ပေါ်ထွက်လာမှ လုပ်ကြံစွပ်စွဲမှုများ အသံတိတ်သွားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လုပ်ကြံမီဒီယာ တိုက်ခိုက်မှုများက လုံးလုံးလျားလျား လက်လျှော့သွားသည်တော့ မဟုတ်ပေ။ အကွက်ကောင်း၊ အခါကောင်းကို စောင့်မျှော်နေခဲ့ရာမှ ယခု ထန်တလန် ကိစ္စပေါ်ပေါက်လာခြင်းဖြစ်၏။ မြို့ရွာများကို မီးရှို့တိုက်ခိုက်ခြင်းမှာ စင်စစ်၌ စစ်ရေးသက်သက် မဟုတ် မီဒီယာနည်းလမ်းများနှင့် ပေါင်းစပ်ထားသည့် နိုင်ငံရေးတိုက်ကွက်လည်းဖြစ်သည်။ အမှန်ဖြစ်ရပ် အနည်းငယ်ကို အခြေခံ၍ တမင်ဖန်တီးထားသော သတင်းတု၊ လုပ်ကြံသတင်းများကို ခပ်များများ ပေါင်းစပ်ဖြည့်သွင်းကာ လျင်မြန်စွာ ပျံ့နှံ့သော သတင်းမီဒီယာနည်းလမ်းများကို အသုံးပြုလျက် ပရိသတ်လူထု၏ စိတ်လှုပ်ရှားခံစားမှုများကို နှိုးဆွလှုံ့ဆော်၍ ယင်းတို့၏ အတွေးအမြင်သဘောထားများကို လိုသလို ပုံသွင်းထိန်းကျောင်းကာ မိမိတို့လိုလားသည့် နိုင်ငံရေးရလဒ် မျှော်မှန်းချက်ကို ဖန်တီးယူခြင်းမှာ နိုင်ငံရေးနည်းလမ်းတစ်ခုအဖြစ် ယခုအခါ ခေတ်စားလာလျက်ရှိသည်။ ယင်းကို "အမှန်နယ်လွန် နိုင်ငံရေး" (Post-truth Politics)ဟု ခေါ်ဝေါ်လာခဲ့ကြသည်။ (Defining Post-truth: Structure, Agents, and Styles by Ari-Elmeri Hyuönen, 2018)

> ❖ **မြို့ရွာများကို မီးရှို့တိုက်ခိုက်ခြင်းမှာ စင်စစ်၌ စစ်ရေးသက်သက်မဟုတ် မီဒီယာနည်းလမ်းများနှင့်ပေါင်းစပ်ထားသည့် နိုင်ငံရေးတိုက်ကွက်လည်းဖြစ်**
>
> ❖ **အမှန်ဖြစ်ရပ် အနည်းငယ်ကို အခြေခံ၍ တမင်ဖန်တီးထားသော သတင်းတု၊ လုပ်ကြံသတင်းများကို ခပ်များများ ပေါင်းစပ်ဖြည့်သွင်းကာ လျင်မြန်စွာ ပျံ့နှံ့သော သတင်းမီဒီယာနည်းလမ်းများကိုအသုံးပြုလျက် ပရိသတ်လူထု၏ စိတ်လှုပ်ရှားခံစားမှုများကို နှိုးဆွလှုံ့ဆော်၍ ယင်းတို့၏ အတွေးအမြင်သဘောထားများကို လိုသလို ပုံသွင်းထိန်းကျောင်းကာ မိမိတို့လိုလားသည့် နိုင်ငံရေးရလဒ် မျှော်မှန်းချက်ကို ဖန်တီးယူခြင်းမှာ နိုင်ငံရေးနည်းလမ်းတစ်ခု အဖြစ် ယခုအခါ ခေတ်စားလာလျက်ရှိ**

### နိုင်ငံရေး ရည်မှန်းချက်အမျိုးမျိုးရှိနိုင်

ယခုလည်း မြို့ရွာများ မီးလောင်ခဲ့သည့် အမှန်သတင်းအချက်အလက်ကို အခြေခံ၍ မြန်မာအစိုးရလုံခြုံရေးတပ်ဖွဲ့များက တိုက်ခိုက်ဖျက်ဆီးမီးရှို့ခြင်းဖြစ်ပါသည်ဟု တွင်တွင် ကျယ်ကျယ် လုပ်ကြံသတင်းဖြန့်ချိခြင်း၌ နိုင်ငံရေးအရ ရည်မှန်းချက်အမျိုးမျိုးရှိနိုင်သည်။

**ပထမအချက်မှာ** - မြန်မာနိုင်ငံတွင် **ဆီးရီးယား၊ လစ်ဗျား** စသည့်နိုင်ငံများကဲ့သို့ မြို့ရွာများ ပြာပုံအတိပျက်စီးနေသည့် ပြည်တွင်းစစ်ကြီးဖြစ်နေပြီဟု ကမ္ဘာတစ်ဝန်းကို သတင်းဖြန့်ချိလျက် ပြည်ပမှ ဝင်ရောက်စွက်ဖက် ပါဝင်မှုများကို လမ်းဖွင့်ပေးလိုခြင်းဖြစ်သည်။

**ဒုတိယအချက်မှာ** - ပြည်တွင်းရှိ မသိနားမလည်သော ပြည်သူများကို အကြောက်တရား ဖန်တီးပြီး တပ်မတော်နှင့် နိုင်ငံတော်အစိုးရအပေါ် အထင်လွဲမှားမုန်းတီးဆန့်ကျင်လာစေရန် သွေးခွဲရန်တိုက်ပေးလိုခြင်းဖြစ်သည်။

**တတိယအချက်မှာ** - ဖြစ်စဉ်တွင် လုံခြုံရေးတာဝန်များကို မှန်မှန်ကန်ကန် တရားဥပဒေနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထမ်းဆောင်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား စစ်ရာဇဝတ်မှု၊ လူ့အဖွဲ့အစည်းအပေါ် ကျူးလွန်သောရာဇဝတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှုစသော ကြီးလေးသော စွပ်စွဲချက်များဖြင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ခုံရုံးအသီးသီးတွင် လုပ်ကြံတရားစွဲဆို အပြစ်ပေးနိုင်ရန် ကြိုးပမ်းခြင်းဖြင့် နိုင်ငံတပ်မတော်နှင့် လက်ရှိနိုင်ငံကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် နိုင်ငံအစိုးရကို နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန် ဖြစ်သည်။

ထန်တလန်ဖြစ်စဉ်ကို လေ့လာကြည့်ပါက ယင်းသို့တိုက်ခိုက်နိုင်ရန် ကြိုတင်ပြင်ဆင် စုဖွဲ့မှုများကို အချိန်ယူဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရသည်။ ချင်းပြည်နယ်မြို့တော် ဟားခါးနှင့် မိုင် ၂၀ မျှသာဝေးကွာသော ထန်တလန်မြို့လေးသည် ယခင်က အေးချမ်းသာယာလှပသော မြို့လေးဖြစ်ခဲ့သည်။ သို့ရာတွင် ချင်းပြည်နယ်တောင်ပိုင်းမှ မင်းတပ်၊ မတူပီ စသော မြို့များတွင် CNF နှင့် CDF အဖွဲ့များ ဆူပူတိုက်ခိုက်အုံကြွမှုများကြောင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ထိုနယ်များမှ အကြမ်းဖက်တိုက်ခိုက်သူများ တိမ်းရှောင်ထွက်ပြေးလာကာ ထန်တလန်ဒေသဘက်သို့ ရောက်ရှိလာခဲ့ချိန်မှစ၍ ထန်တလန်မြို့လေး၏ အေးချမ်းသာယာမှုများ စတင်ပျက်စီးခဲ့ရတော့သည်။ မြို့တွင်းရှိ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ တိုက်ခိုက်ခြင်းခံခဲ့ရကာ မြို့သူမြို့သား အများအပြားမှာ ဘေးလွတ်ရာသို့ ရှောင်ရှားပုန်းအောင်းခဲ့ကြရသည်။ ထန်တလန်သည် လူသူကင်းမဲ့သော မြို့တစ်မြို့ ဖြစ်လာခဲ့ရတော့သည်။ ထို့နောက် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြည်နယ်မြို့တော် ဟားခါးမှ ဆက်သွယ်သည့် ကားလမ်းပေါ်ရှိ သီးမစ်တံတားကို ဖောက်ခွဲဖျက်ဆီးကာ မြို့ကိုပြင်ပနှင့် အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။ ထိုသို့ ဖြတ်တောက်မှုကြောင့် ထန်တလန်မြို့မှ မီးလောင်ချိန်တွင် ဟားခါးမှ မီးသတ်ကားများ လာရောက်မီးငြိမ်းသတ်နိုင်ခြင်း မရှိသလို ဟားခါးဘက်မှ တပ်ကူများ အင်အားဖြည့်တင်းခြင်း မပြုနိုင်အောင် ကြိုတင်အကွက်ချစီစဉ်ထားခြင်း ဖြစ်နိုင်သည်။

### နှပ်ကြောင်းပေးလှုံ့ဆော်လာခဲ့

ထို့အပြင် ထန်တလန်တွင် မီးရှို့တိုက်ခိုက်မှုအတွက် အချိန်ယူ၍ မီဒီယာအပိုင်းမှ ကြိုတင်ပြင်ဆင်ထားခဲ့ပြီး တိုက်ခိုက်ရာ၌လည်း နိုင်ငံတကာတွင် အထိရောက်ဆုံးဖြစ်နိုင်မည့် အကောင်းဆုံးအချိန်ကို ရွေးချယ်ထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ထန်တလန်မြို့တွင်း၌ ပြင်းထန်သော တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး အိမ်များမီးလောင်ရာတွင် မီးငြိမ်းသတ်ရန် သွားရောက်ခဲ့သည့် ခရစ်ယာန်သင်းအုပ်ဆရာ တစ်ယောက်အား CDF များက ဒလန်ဟု စွပ်စွဲသတ်ဖြတ်ပြီး လက်ကိုဖြတ်ကာ နာရီ၊ လက်စွပ် စသည်တို့ကို ယူဆောင်သွားခဲ့သည်။ ထိုဖြစ်ရပ်များကို မီဒီယာသို့ထုတ်လွှင့်ဖြန့်ချိရာတွင်မူ အမှန်တရားကို ပြောင်းပြန်လှန်၍ ဘာသာရေးအရ ခွဲခြားဖိနှိပ် သတ်ဖြတ်မှုသဖွယ် ဖြစ်အောင် အကျယ်တဝင့် ပုံကြီးချဲ့ခဲ့ကြသည်။ (ထိုမတိုင်ခင်က၊ လုံလဲ တောင်တန်းသာသနာပြု ဘုန်းကြီးကျောင်းကို မီးရှို့ဖျက်ဆီး၍ ဘုန်းတော်ကြီးအား လုပ်ကြံသတ်ဖြတ်ခဲ့ကြခြင်းကိုမူ ဖုံးကွယ်ထားခဲ့သည်။) ထိုသို့ အမုန်းစကားပွားစေရန် ကြံစည်လုပ်ဆောင်မှုကိုလည်း နိုင်ငံတကာမီဒီယာ နယ်ပယ်၌ ထိန်းချုပ်ဟန့်တားမှု မရှိခဲ့ပေ။ ထို့အပြင် NUG အဖွဲ့မှ ဒေါက်တာဆာဆာက ထိုကာလနောက်ပိုင်းတွင် လူမျိုးတုံးသတ်ဖြတ်မှု ဂျီနိုဆိုက်ဟူသော စကားလုံးကိုတွင်တွင်ကျယ်ကျယ် အသုံးပြုကာ စတင် နှပ်ကြောင်းပေးလှုံ့ဆော်လာခဲ့သည်ကို တွေ့ရသည်။ UK Campaign for Burma စသော ပြည်ပမှ မြန်မာနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်လိုသည့် အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ဒေသများ၌ လုံခြုံရေးပျက်ပြားကာ ပြည်တွင်းစစ်ဖြစ်နေသည့် အခြေအနေမျိုးရောက်ရှိနေသည်ဟု စွပ်စွဲကာ ဗြိတိန်နိုင်ငံမှ ကမကထပြု၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဤကိစ္စကို တင်ပြဆွေးနွေးစေရန် တိုက်တွန်းလှုပ်ရှားလာခဲ့သည်ကို တွေ့ရသည်။

### အချိန်ကိုက်ဖြစ်နေ

ထန်တလန် တိုက်ခိုက်မီးရှို့မှု ဖြစ်ပွားခဲ့သည့် အောက်တိုဘာလ ၂၉ ရက်နေ့မှာ အီတလီနိုင်ငံ ရောမမြို့တွင် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကျင်းပမည့် အောက်တိုဘာလ ၃၀ ရက်နေ့ မတိုင်မီ တစ်ရက်ဖြစ်နေပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထိုထိပ်သီးအစည်းအဝေးတက်ရောက်ရန် အီတလီသို့ လာရောက်ရင်း ဗာတီကန်ရှိ ရိုမန်ကက်သလစ် ခရစ်ယာန် သာသနာပိုင် ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံမည့် ကာလမတိုင်မီကလေးတွင် ကပ်လျက်ဖြစ်နေသည်မှာ တိုက်ဆိုင်မှုမှ ဟုတ်ပါလေစဟု တွေးထင်ရလောက်အောင် အချိန်ကိုက်ဖြစ်နေသည်မှာ အံ့သြဖွယ်ပင်။

နောက်ထပ်ထူးခြားမှုတစ်ခုမှာ မီးလောင်ချိန်နှင့်အကိုက်ပင် CDF အဖွဲ့က အဆင့်မြင့်အားကောင်းသော ဒရုန်းတစ်စင်းလွှတ်တင်ကာ ထန်တလန်မြို့တွင်း မီးလောင်နေမှုကို ကောင်းကင်မှကြည်လင်ပြတ်သားစွာ ရိုက်ကူးခဲ့ပြီး ယင်းပုံရိပ်များကိုလည်း ASEAN Heritage and History ဟူသော အင်တာနက်စာမျက်နှာက ပါးရဲထိုးထားသော ချင်းအမျိုးသမီးပုံနှင့်တွဲ၍ ချက်ချင်းတင်လာခဲ့သည်ကို တွေ့ရသည်။ ဤဖြစ်ရပ်က ကြိုတင်ပြင်ဆင်ချိတ်ဆက်၍ ကြံစည်လုပ်ဆောင်ထားမှုများကို ထင်ဟပ်နေသည်။ "ကြောင်သည် ကြာကြာ ရေမငုပ်နိုင်" ဆိုသော စကားအတိုင်းပင် လူမှုမီဒီယာများ၌ ထန်တလန် မီးလောင်မှုကို ဓာတ်ပုံရိုက်၍ တင်လာကြရာတွင် ယင်းမီးလောင်မှုသည် တိုက်ပွဲများအကြား၌ လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် မီးလောင်ရခြင်း မဟုတ်ဘဲ CNF၊ CDF အဖွဲ့များ ကိုယ်တိုင် မီးရှို့ခဲ့ခြင်းဖြစ်ပြီး **စာမျက်နှာ ၇ သို့** ■

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များတွေ့ဆုံ

## ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုက်ပွဲရှောင်များ နေရပ်ပြန်နိုင်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (NSPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ ကချင်ပြည်နယ်ရှိ ခရစ်ယာန်အသင်းတော်များမှ ကျောင်းထိုင်ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များ တက်ရောက်ကြပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်(KBC) တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကက်သလစ်အသင်းတော်မှ ဖာသာရ်ဒေါက်တာခါးအောင်တူးတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့တက်ရောက်ကြသူများက ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုက်ပွဲရှောင်များ နေရပ်ပြန်နိုင်ရေးကိစ္စရပ်များနှင့်



စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်(KBC) တွဲဖက်အတွင်းရေးမှူး သိက္ခာတော်ရဆရာတော်ဇေခေါင်နှင့် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး တွေ့ဆုံပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# သုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ်ခြင်းလုပ်ငန်းများနှင့် ကြံကြိတ်ရာသီတွင် သကြားစက်လုပ်ငန်း၏ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁**

သုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ်ခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းအားထုတ်ပေးသွားမည်ဖြစ်သကဲ့သို့ လာမည့်ကြံကြိတ်ဝါးရာသီတွင် သကြားစက်လုပ်ငန်း၏ ငွေကြေး လည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှသကြားစက်ရုံ၌ သကြားစက်လုပ်ငန်းရှင်များ၊ ကြံစိုက်တောင်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သကြားစက်လုပ်ငန်းရှင်များနှင့် ကြံစိုက်တောင်သူများ တက်ရောက်ခဲ့ကြသည်။

**လုပ်ငန်းလိုအပ်ချက်များ တင်ပြ**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က မြန်မာနိုင်ငံ၏ လက်ရှိကြံစိုက်ပျိုးမှုနှင့် စက်ရုံများ၏



သကြားထုတ်လုပ်မှုကိုလည်းကောင်း၊ သကြားစက်လုပ်ငန်းရှင်များနှင့် ကြံစိုက်တောင်သူများက လက်ရှိကြုံတွေ့နေကြရသော အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကဏ္ဍအလိုက်ဖြေရှင်းဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ကြံလုပ်ငန်းသည် မြန်မာနိုင်ငံရှိ ကွဲပြားခြားနားသောဒေသ၊ ရေမြေရာသီဥတု အမျိုးမျိုးတွင် အောင်မြင်ဖြစ်ထွန်းသောလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနကလည်း ဒေသအလိုက် သင့်လျော်သော ကြံမျိုးများနှင့် စိုက်နည်းစနစ်များကို သုတေသနပြု ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လက်ရှိစက်ရုံများ၏ သကြားထုတ်လုပ်မှု၊ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုများအရ တိုးတက်ထုတ်လုပ်နိုင်သည့် အလားအလာကောင်းများစွာ ကျန်ရှိနေပါကြောင်း၊ ဈေးနှုန်းမြင့်တက်လာသော စိုက်ပျိုးရေးသွင်းအားစု အရင်းအနှီးစရိတ်များ သက်သာစေရေးအတွက် ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချနိုင်ရန် မြေပြင်ထွန်ယက် စိုက်ပျိုးမှုကို စက်မှုလယ်ယာစနစ်ဖြင့် ထိရောက်စွာ ပြောင်းလဲအသုံးပြုနိုင်ရေး၊ စက်ရုံဧရိယာတိုင်းတွင် စက်မှုလယ်ယာ သရုပ်ပြလုပ်ငန်းများနှင့်အတူ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများအား ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးမြေများ၏ မြေဆီလိုအပ်ချက်ကို စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ပညာရှင်များက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံသို့ ဖြန့်ဖြူးပေးသွားမည့် အထွက်နှုန်းကောင်း ကြံမျိုးသစ်များကိုလည်းကောင်း၊ မြို့လှသကြားစက်ရုံနှင့် မျိုးအတွက် စိုက်ပျိုးထားသော ကြံစိုက်ကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

■ **စာမျက်နှာ ၆ မှ**

မီးလောင်မှုကို ယင်းတို့ကိုယ်တိုင် ဓာတ်ပုံ၊ ဗီဒီယိုများ အေးအေးဆေးဆေး ရိုက်ကူးနေခဲ့ကြကြောင်း ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများအရ တွေ့ရှိရသည်။ (ဒရုန်းလွှတ်တင်သည့် ဓာတ်ပုံ Link https:// www. Facebook.com/ 1649751183/posts/ 1021777 6615881004/၊ မီးလောင်မှုဗီဒီယို Link https:// www.facebook.com/100013635930616/ posts/ 128821851830 9334/၊ CDF တစ်ဦးနှင့် မီးလောင်နေသည့် အိမ်ပုံ https://www.facebook. com.100037730252712/posts/ 583234746277 529/)

နိဂုံးချုပ်ရပါလျှင် ဤသို့ အမှန်တရားကို အမှားအလီလီ အုပ်ဖုံး၍ လူတို့၏ အသိဉာဏ်ကို ကျိုးသွင်းမှိုင်းတိုက်ကာ နိုင်ငံရေးအရ လိုရာဆွဲဖန်တီးမှုများကြောင့် လက်တွေ့ဘဝတွင် မည်သူတို့အကျိုးရှိ၍ မည်သူတို့ ထိခိုက်နစ်နာကြရသည်ကို မှန်မှန်ကန်ကန် ဆင်ခြင်ကြံဆ၍ နားလည်သဘောပေါက်သင့်ကြပြီ ဖြစ်ပါသည်။ “အစွယ်လိုသူမိဖုရား၊ အသွားစေသူမင်းကေရာဇ်” ဆိုသကဲ့သို့ နိုင်ငံရေးအာဏာကိုလိုချင်မျှော်လင့်၍ မသိနားမလည်သူများကို ဖိနှင်းစေခိုင်းကာ ကိုယ်တိုင်ကမူ ရပ်ဝေးမြေခြား၌ ထောက်ပံ့ပေးလှူမှုများနှင့် အမြိုင့်သားနေထိုင်သူကီးဘုတ်သူရဲကောင်းများက ကြီးပွားနေချိန်တွင် ပြည်တွင်း၌မူ အပြစ်မဲ့ပြည်သူများအကြား ကျီးလန့်စာစား ပုန်းရှောင်နေရသည့်ဘဝ၊ ဒလန်ဟုအမည်တပ်ကာ ရက်ရက်စက်စက် သတ်ဖြတ်လုပ်ကြံခံနေရသည့်ဘဝ၊ မိမိတို့၏ အသက်အိုးအိမ်များ အဓိပ္ပာယ်ကင်းမဲ့စွာ ပျက်စီးဆုံးရှုံးနေရသည့်ဘဝကို ကြုံတွေ့နေရခြင်းမှာ ရင်နာဖွယ်ကောင်းလှ၏။ အပြင်မှ မြှောက်ပင့်သွေးထိုးတိုင်း နားယောင်ယုံမှားကာ ဆိုးရွားလှသော တောပုန်းအကြမ်းဖက်ဘဝသို့ လမ်းမှားရောက်သွားကြသူ မျိုးဆက်သစ်များသည်လည်း ယခုကဲ့သို့ ပြည်သူလည်းအကျိုးပျက်စီး၊ နိုင်ငံလည်းအကျိုးမရှိသည့် လုပ်ရပ်အမှားများကို ပြန်လည်ဆန်းစစ် ဆင်ခြင်ကာ အချိန်မနှောင်းမီ မိမိတို့ဘဝကို ပြုပြင် သင့်ကြပြီဖြစ်ပါ၏။ ယခုကဲ့သို့ လုပ်ကြံသတင်းမှားများကို မှား၊ မှန် မခွဲခြားတတ်ဘဲ “လိုင်းပေါ်တင်သမျှ လုံးဝဥဿုံ မျက်စိမှိတ်၍ယုံ” နေတတ်ကြသည့် ပြည်သူများအနေဖြင့်လည်း အမြင်ကျယ်ကျယ်ထား၍ နားစွင့် မျက်စိဖွင့်ကာ အရာရာကို ချင့်ချိန်တိုင်းထွာ ဉာဏ်ပညာသုံး၍ ဆုံးဖြတ်နိုင်ကြပါစေရန် တိုက်တွန်းလိုက်ရပါသတည်း။ ။

■

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် Myanmar International-Channel (MITV) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက MITV ကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များ နိုင်ငံတကာသိရှိနိုင်ရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ အင်္ဂလိပ်ဘာသာဖြင့် ပထမဦးဆုံး ထုတ်လွှင့်ခဲ့ပါကြောင်း၊ MITV ၏ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပိုမိုထိရောက်မှုရှိစေရန်အတွက် ၂၀၁၁ ပြည့်နှစ်တွင် ရွှေသံလွင်မီဒီယာကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၁၀ နှစ်ခန့် ကြာမြင့်လာမှုနှင့်အတူ ပြန်လည်သုံးသပ်မှုများ ပြုလုပ်ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ရာ တိုးတက်မှုများတွေ့ရှိရသည့်အတွက် တာဝန်ရှိသူအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတကာ၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းမှားများ ပျံ့နှံ့လျက်ရှိရာ ယင်းသတင်းမှားများကို အခြေခံပြီး နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ဖိအားပေးရန် ရည်ရွယ်ချက်ရှိစွာ ဆောင်ရွက်နေမှုများကြောင့် MITV ၏ ရည်ရွယ်ချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိစေရေးအတွက် ပိုမိုအားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် MITV ၏ ကဏ္ဍသည် နိုင်ငံအတွက် လွန်စွာအရေးပါသဖြင့် ရေတို၊ ရေရှည်အစီအမံများ ချမှတ်၍ လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ပိုမိုထိရောက်မှုရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ညွှန်ကြားရေးမှူး(MI) ဒေါ်လိပ်နှင်းမောင်းပန်၊ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ MD ဦးမင်းမင်းနှင့် DMD ဦးတင်ဆန်းတို့က MI Channel ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးတို့ သမ္မတရုပ်ရှင်ရုံအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ရုပ်ရှင်ပြသရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံသို့ သွားရောက်၍ Red Carpet Theatre အဖြစ် အဆင့်မြှင့်တင်နိုင်ရေးနှင့် ရုပ်ရှင်ကဏ္ဍဆိုင်ရာ နိုင်ငံတော်အဆင့် အခမ်းအနားများ ကျင်းပနိုင်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံသည် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံတစ်ခုဖြစ်သဖြင့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြုပြင်မွမ်းမံစေလိုကြောင်း၊ ရုပ်ရှင်ကဏ္ဍဆိုင်ရာ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ရုပ်ရှင်ပွဲတော်များ၊ ဂီတဖျော်ဖြေပွဲများ၊ အငြိမ့်၊ သဘင်ပြဇာတ်များ၊ ရုပ်ရှင်ဆိုင်ရာဆွေးနွေးပွဲ၊ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရာနေရာတစ်ခုဖြစ်စေလိုပြီး ရှေးဟောင်းအငွေ့အသက်များနှင့် ခေတ်မီရုပ်ရှင်နည်းပညာများ ပေါင်းစပ်ရာ အနုပညာရပ်ဝန်းတစ်ခု ဖြစ်စေလိုကြောင်း မှာကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ဝဇီရာရုပ်ရှင်ရုံကို ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ရာ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိပြီဖြစ်သည့်အပြင် ယခင်က ရုပ်ရှင်ကားများအပြင် ပြဇာတ်များ၊ အော်ပရာများ တင်ဆက်ပြသခဲ့သည်။ ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲနှင့် အစည်းအဝေးများ ကျင်းပနိုင်ပြီး သင်တန်းကျောင်း၊ စတူဒီယိုအဖြစ်ပါ အသုံးပြုနိုင်ရန် ရည်ရွယ်ထားသည့်အပြင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ပွဲတော်များ ကျင်းပရန်၊ ပြည်ပခရီးသွားဧည့်သည်များ ရှေးဟောင်းအမွေအနှစ်ပြတိုက်အဖြစ် လည်ပတ်ရန် နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန်နှင့် စနေ၊ တနင်္ဂနွေနေ့တို့တွင် ရှေးဟောင်းဇာတ်ကားများ၊ ရုပ်သေးပွဲများ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် ပြခန်းများ ပြုလုပ်ပြသခြင်းများကို ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

ယင်းနောက် သမ္မတရုပ်ရှင်ရုံ၌ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ သရုပ်ပြပြသခြင်းကို ကြည့်ရှုစစ်ဆေးသည်။

**တက်ရောက်**

အဆိုပါ သရုပ်ပြ ပြသခြင်းအစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရုပ်ရှင်ထုတ်လုပ်သူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ထိုင်ခုံနေရာချထားမှုစနစ်၊ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန်တိုင်းကိရိယာ (Infrared Thermal Scanner) အသုံးပြု၍ ပရိသတ်အား တိုင်းတာ စစ်ဆေးမှုစနစ်၊ လက်မှတ်ရောင်းချမှုစနစ်၊ ပြသမှုစနစ်နှင့် တစ်ကိုယ်ရေသုံး ကျန်းမာရေးပစ္စည်းများ ဝန်ဆောင်မှုပေးသည့် အခြေအနေများ၊ ရုပ်ရှင်ရုံအတွင်း လေများ သန့်စင်စေရေးအတွက် လေအေးပေးစက်နှင့် လေမှုတ်စက်များဖြင့် လေသွင်း/လေထုတ် ဆောင်ရွက်မည့်အခြေအနေများ၊ ရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ရေးအတွက် ပွဲစဉ်များ သတ်မှတ်ရေးကိစ္စများကို ကြည့်ရှုစစ်ဆေးပြီး ရောဂါကူးစက်မှု မခံရစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် Standard Operating Procedure (SOP) တစ်ရပ် ရေးဆွဲနိုင်ရေး ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံပေါင်း ၁၉၆ ရုံ (ဝိတ်ကားပေါင်း ၂၂၁ ခု) အား ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ ပြသမှုများ ရပ်ဆိုင်းထားခဲ့ရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါအခြေအနေ လျော့နည်းလာမှုကြောင့်လည်းကောင်း၊ ရုပ်ရှင်အနုပညာရှင်များ အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏ စိတ်အာဟာရအား ဖြည့်ဆည်းပေးနိုင်ရေးအတွက် လည်းကောင်း ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးခရိုင် (၇)မြို့နယ်မှ ပြည်သူများသို့ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၂၄၆၆ ခုနှင့် အိမ်ထောင်စုစာရင်း ၁၅၃၃ ခုတို့ လွှဲပြောင်းပေးအပ်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသစ်များ ဌာနတွင်း လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်ပွဲနှင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးရုံးရှိ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၀၅ ဦး တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး (ယာဉ်) တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက ပန်းခင်းစီမံချက်အရ ဆောင်ရွက်နေသည့် ပထမခြောက်လပတ်အတွင်း မန္တလေးတိုင်းဒေသကြီး၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၁၇၃၀ နှင့် အိမ်ထောင်စုစာရင်း ၈၂၈၉ ခုအတွက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးခရိုင် (၇) မြို့နယ်မှ ပြည်သူများသို့ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၂၄၆၆ ခုနှင့် အိမ်ထောင်စုစာရင်း ၁၅၃၃ ခုတို့ကို သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့သည်။

**တက်ရောက်**

ဝန်ထမ်းသစ်များ ဌာနတွင်းလုပ်ငန်းခွင်ရက်တိုသင်တန်းတွင် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ၇၈ ဦး၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၁၀ ဦး၊ အမှုတွဲထိန်း ၁၇ ဦးတို့



တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်းနှင့် ပန်းခင်းစီမံချက်၏ရည်မှန်းချက် တာဝန်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ဒုတိယ ခြောက်လပတ်ကာလအတွင်း ဌာနအတွက် အသစ်ဝင်ရောက်လာသော ဝန်ထမ်းများဖြင့် ထပ်မံဖြည့်တင်း၍ မိတ်ဖက်ဌာနများ၊ စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၁) ဖွင့်လှစ်
## လုပ်ငန်းခွင်တွင် စာတွေ့လက်တွေ့ဖြင့် အကျိုးရှိစွာ ပြန်လည်အသုံးချရန် လိုအပ်



**နေပြည်တော် နိုဝင်ဘာ ၁**

ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်တက်လာစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးပြုလုပ်သည့် "ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၁)" သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Multipurpose Hall) ၌ ကိုဗစ်- ၁၉ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

**အထူးအရေးကြီး**

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနတိုင်းတွင် ဘဏ္ဍာရေးလုပ်ငန်းသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ ဘဏ္ဍာရေးဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်မှ ချမှတ်ပေးထားသော ဘဏ္ဍာငွေများကို စည်းမျဉ်း/ စည်းကမ်းနှင့်အညီ စနစ်တကျ သုံးစွဲနိုင်စေရန်မှာ အထူးအရေးကြီးပါကြောင်း၊ သို့မှသာ နိုင်ငံတော်ဘဏ္ဍာငွေများကို အကျိုးရှိစွာဖြင့် ဝန်ကြီးဌာန၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိပြီး လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း။

**ပထမဆုံးအကြိမ်ဖွင့်လှစ်**

ထို့ကြောင့် ဝန်ထမ်းများအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဤသင်တန်းကို ပထမဆုံးအကြိမ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရသော ရုံးလုပ်ငန်းသဘောတရားများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ/ နည်းဥပဒေနှင့် ဘဏ္ဍာရေး စည်းမျဉ်း/ စည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိဝန်ကြီးဌာန အသီးသီးတွင် ရုံးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်ပြီး ဌာနအတွက် လုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းများမျိုးဆက်ပြတ်လပ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ သင်တန်းမှပို့ချသော သင်ခန်းစာစာတွေ့များကို မိမိတို့၏ လက်တွေ့ဘဝသင်ခန်းစာများဖြင့် ပေါင်းစပ်ပြီး လုပ်ငန်းခွင်တွင်စာတွေ့လက်တွေ့ဖြင့် အကျိုးရှိစွာ ပြန်လည်အသုံးချရန်လိုအပ်ကြောင်း၊ သင်တန်းပြီးဆုံးသည့်အခါ မိမိတို့တာဝန်ကျဌာနခွဲ ဒေသများသို့ ပြန်ရောက်သောအခါတွင် ပေးအပ်သောတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြရန်နှင့် တစ်ဦးကောင်း တစ်ယောက်ကောင်းစိတ်မမွေးဘဲ အဖွဲ့အစည်းစိတ်ဓာတ်မွေးပြီး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ဌာန တိုးတက်အောင်မြင်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးမျိုးလှိုင်က ရပ်ဝေးမှလာသော သင်တန်းသား သင်တန်းသူများ၏ စားသောက်နေထိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရန် ဖြည့်စွက်ပြောကြားသည်။

**သင်ကြားပို့ချမည်**

အဆိုပါသင်တန်း၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲ၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)၊ အားကစားကွင်း/ အားကစားရုံဌာနခွဲနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ ငွေစာရင်းတာဝန်ယူဆောင်ရွက်သောဝန်ထမ်းများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၂၅ ဦးတို့ တက်ရောက်လျက်ရှိပြီး သင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာ သင်ခန်းစာများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းနည်းပြဆရာမ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လင်းလင်းထွန်းက နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# (၆) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili ၏ ဖိတ်ကြားချက်အရ Bruges, Flanders (Belgium)နိုင်ငံတွင်ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) မှ (၆) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် (6th UNWTO World Forum on Gastronomy Tourism) သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

**ဖွင့်ပွဲအခမ်းအနားကျင်းပ**

အဆိုပါဖိုရမ် စတင်ကျင်းပသည့် ယနေ့တွင် (၆) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း၊ Setting the Scene: Gastronomy Tourism and Rural Development ခေါင်းစဉ်ဖြင့် စားဖိုမှူးများနှင့် ခရီးစဉ်ဒေသများရှိ အစားအသောက်ထုတ်လုပ်သူ ဒေသခံများအကြား အစားအသောက်နှင့်စပ်လျဉ်းသည့် စကားဝိုင်းကျင်းပခြင်း၊ Nara ခရိုင်အစိုးရ အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခြင်း၊ အာဖရိကဒေသ၏ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းအကြောင်း တင်ပြခြင်း၊ Gastronomy and Talent Development နှင့် Resilience and Innovation ခေါင်းစဉ်တို့ဖြင့် စားဖိုမှူးများ၏ အတွေ့အကြုံများ၊ သဘောထားအမြင်များ တင်ပြဆွေးနွေးခြင်း၊ Scaling up for the SDGs: UNWTO food tourism pitch challenge စသည့် အစီအစဉ်တို့ကို ကျင်းပသည်။

ဖိုရမ်၏ နောက်ဆက်တွဲအနေဖြင့် နိုဝင်ဘာ ၂ ရက်တွင် "Masterclasses on Gastronomy Tourism and Rural Development"ကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်တွင် နိုင်ငံတကာမှ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက ခေါင်းစဉ် သုံးခုဖြစ်သည့် ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် လိုက်လျောညီထွေဖြစ်သောအစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း၊ အစားအသောက်များအား ရိုးရာနည်းဖြင့် ချက်ပြုတ်ခြင်းနှင့် ပတ်သက်သော အသိပညာပေးခြင်းနှင့် ဒေသခံများအား ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း၊ ဆန်းသစ်သော အချက်အပြုတ်နည်းလမ်းများကို မြှင့်တင်ခြင်းတို့အပေါ် အဓိကထား၍ ဆွေးနွေးကြမည်ဖြစ်ပြီး ကျေးလက်ခရီးသွားလုပ်ငန်းနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရာတွင် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍ အရေးပါပုံကို ဆွေးနွေးခြင်းများကိုလည်း ပြုလုပ်မည်ဖြစ်သည်။

**တက်ရောက်လေ့လာကြမည်**

ဒုတိယနေ့ အစီအစဉ်တွင်ပါဝင်သော "Masterclasses on Gastronomy Tourism and Rural Development" ကို ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးပို့ချမည့် Livestream အစီအစဉ်သည် နိုင်ငံတကာမှ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေသည့် အစီအစဉ်ဖြစ်သဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များက Online မှ ပါဝင်တက်ရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က မှာယူထားသည့် AirBus A320-214 လေယာဉ်တစ်စင်း ထပ်မံရောက်ရှိ


**နေပြည်တော် နိုဝင်ဘာ ၁**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က ဒေသတွင်း နိုင်ငံများရှိလေကြောင်းလိုင်းများနှင့် ရင်ပေါင်တန်း၍ ပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ရန် ထပ်မံမှာယူထားသည့် AirBus A320–214 XY–ALT လေယာဉ်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှတစ်ဆင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

**တိုးချဲ့ပျံသန်းပြေးဆွဲရန်**

ယင်းလေယာဉ်သည် ပြင်သစ်နိုင်ငံ AirBus ကုမ္ပဏီမှ ထုတ်လုပ်မှုအမှတ်စဉ် MSN5433 ဖြင့် ၂၀၁၄ ခုနှစ်တွင် ထုတ်လုပ်ခဲ့ပြီး တောင်ပံအဖျားတွင် Sharklets တပ်ဆင်ထားသော AirBus A320–214 လေယာဉ် အမျိုးအစားဖြစ်ကာ Business Class ထိုင်ခုံရှစ်ခုံနှင့် Economy ထိုင်ခုံ ၁၆၂ ခုံပါဝင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)က ယင်းလေယာဉ်ကို Kalaw ဟု အမည်ပေးထားပြီး မကြာမီကာလအတွင်း တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ထားရှိသော ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးစဉ်များအပါအဝင် အခြားခရီးစဉ်အသစ်များကိုပါ တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရန် မှာယူထားသော လေယာဉ်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**



# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းတို့နှင့်အတူ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ များ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကြိုးစားသင်ယူ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဂရုစိုက်၍ ယခုကျောင်းပြန်ဖွင့်ချိန်ကစပြီး ပညာရည်တိုးတက် အောင် ရည်မှန်းချက်မပျောက်အောင် ကြိုးစားသင်ယူ ကြစေလိုကြောင်း၊ ပညာသင်ကြားပေးသည့် ဆရာ ဆရာမများနှင့် မိဘများအပေါ် ရိုသေလေးစား၍ ကျေးဇူးတရားများ သိတတ်သည့် နိုင်ငံအတွက် အားထားရသော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း၊ ဆရာ ဆရာမများ



အနေဖြင့်လည်း အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေး တိုးတက်ရေး၊ ထူးချွန်ထက်မြက်ရေးအတွက် ပြုစု ပျိုးထောင်ပေးကြစေလိုပါကြောင်း၊ ကျောင်းဖွင့် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်း ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်ချက် အခက်အခဲများရှိပါက တင်ပြကြရန်နှင့် လိုအပ်ချက် များကိုလည်း အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်ကြား နေဆဲ သိပ္ပံသင်ခန်းစာများနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယဝန်ကြီးက အင်္ဂလိပ်ဘာသာရပ် သင်ကြားသင်ယူမှုနှင့်ပတ်သက်၍ လည်းကောင်း ကျောင်းသား ကျောင်းသူများကို ဆွေးနွေးမေးမြန်းပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူနေမှုအခြေအနေ များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက် တန်းကျောင်းသို့သွားရောက်ကာ ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူနေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုအားပေး၍ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်း ကျဆင်းနေပြီ ဖြစ်သောကြောင့် ယနေ့ (နိုဝင်ဘာ ၁ ရက်)တွင် တိုင်း ဒေသကြီး/ပြည်နယ် ကိုးခုမှ နယ်စပ်ဒေသ မြို့နယ် ၄၆ မြို့နယ်ရှိ စာသင်ကျောင်းများမှလွဲ၍ ကျန်မြို့နယ် များအားလုံးရှိစာသင်ကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပါအဝင်) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်ပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ကျောင်းသား ကျောင်းသူများ ပြုံးပန်းဝေဆာစွာ ပညာသင်ယူလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ်ပေါင်း ၄၆ မြို့နယ်မှ အခြေခံပညာကျောင်းများမှအပ ကျန်မြို့နယ်အားလုံးတွင်ရှိသော အခြေခံပညာဦးစီး ဌာနအောက်ရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိက ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များကို ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်မြို့၏ ခရိုင်လေးခုအတွင်းရှိ အခြေခံ ပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကိုလည်း ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ရာ မြောက်ပိုင်းခရိုင်အတွင်း၌ ကျောင်းသား ကျောင်းသူ ၄၀ ဒသမ ၃၄ ရာခိုင်နှုန်း ပြုံးပန်းဝေဆာစွာ စာသင်ကျောင်းများသို့ တက်ရောက်ပညာသင်ကြား ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသားဦးရေ အများဆုံး ပညာသင်ကြားလျက်ရှိသည့် မြောက်ပိုင်း ခရိုင်၌ မြို့နယ်ပေါင်း ကိုးမြို့နယ်ရှိရာ စာသင်ကျောင်း ပေါင်း ၁၁၉၂ ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ပေါင်း ၄၉၆၇၅၃ ဦးရှိသည့်အနက် ကျောင်းများ စတင် ဖွင့်လှစ်သည့်အချိန်က ကျောင်းသား ကျောင်းသူ ၂၄၄၁၇၃ ဦး အပ်နှံခဲ့ပြီး ၉၈၅၀၇ ဦး တက်ရောက်ခဲ့ သည်။

"ဒီနေ့မှာ နိုင်ငံတစ်ဝန်းက ကျောင်းတွေဖွင့်တဲ့ အတွက် မြောက်ပိုင်းခရိုင်အတွင်းက ကျောင်းတွေ အားလုံးလည်း ဖွင့်ပါတယ်။ ကျောင်းသား ကျောင်းသူ တွေအနေနဲ့ ကိုဗစ်ကာလမှာ ကျောင်းပိတ်ထားတာ ကြောင့် စာသင်ခန်းနဲ့ဝေးပြီး ကျန်းမာရေးအတွက် စိတ်ပူနေတဲ့အချိန်မှာ နိုင်ငံတော်က ကျောင်းတွေ ပြန်ဖွင့်နိုင်မှုအပေါ် တက်တက်ကြွကြွနဲ့ ကျောင်းတက် ကြတာတွေ့ရတော့ အားလုံးဝမ်းသာနေကြပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပီတိဖြစ်ပြီး ဝမ်းသာမိ ပါတယ်"ဟု မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ပြောကြားသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

"ကျောင်းပိတ်ခဲ့တာကလည်း ကမ္ဘာ့ကပ်ရောဂါ ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်နဲ့ အညီ ပိတ်ခဲ့တာပါ။ အခုလို ကျောင်းတွေ ပြန်ဖွင့်နိုင် ဖို့ ပြီးခဲ့တဲ့လကတည်းက အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြတာပါ။ ပညာရေးယန္တရား ဆက်လက် လည်ပတ်မှုအပေါ် အထူးပဲ ဝမ်းမြောက်မိပါတယ်။ ကလေးတွေအတွက် ရှေ့ဆက်မယ့် ပညာရေးခရီး ရပ်တန့်သွားမှာကိုပဲ စိုးရိမ်ရတာပါ။ အခုလိုကျောင်း တွေ ပြန်ဖွင့်နိုင်မှုအပေါ် အထူးပဲဝမ်းသာမိပါတယ်"ဟု မြောက်ပိုင်းခရိုင် ပညာရေးမှူး ဒေါက်တာသင်းမာလာ



က ပြောသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေး မြို့တော်တစ်ခုဖြစ်သည်နှင့်အညီ ပညာသင်ကြားရေး ကျောင်းများ အများဆုံးတည်ရှိရာ မြို့တစ်မြို့ဖြစ်ပြီး ၂၀၂၀ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်မှုဖြင့် ကျောင်းများ ယာယီပိတ်ခဲ့၍ ယနေ့တွင် ကျောင်းသား ကျောင်းသူ များ မျှော်လင့်နေသော စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ မြောက်ပိုင်းခရိုင်တွင် တက္ကသိုလ်၊ ကောလိပ်နှင့် နည်းပညာတက္ကသိုလ် ကျောင်းပေါင်း ၁၀ ခုရှိပြီး အခြေခံပညာကျောင်း နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၁၁၉၂ ကျောင်းရှိသည်။

ဓာတ်ပုံ - ကနူး၊ ညိမ်းသူ(သတင်းစဉ်)

❐ **ကျောဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများကို ယနေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ရေးအတွက် ကျောင်းအဝင်နှင့် စာသင်ခန်းရှေ့တို့၌ လက်ဆေးဘေစင် များထားရှိ၍ ကျောင်းသား ကျောင်းသူများကို စနစ်တကျ လက်ဆေး စေခြင်းနှင့် ဆရာ ဆရာမများက ကိုယ်အပူချိန် တိုင်းတာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး စာသင်ခန်းများအတွင်း၌ တစ်ဦးနှင့် တစ်ဦး ခြောက်ပေခြားစီဖြင့် သတ်မှတ်နေရာအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပညာသင်ကြားပေးလျက် ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၂၇၅၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၄၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၀ စုစုပေါင်း ၃၂၃၂ ကျောင်း တို့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားလျက်ရှိကြောင်း သိရသည်။

သတင်း - ကိုကိုဇော်
ဓာတ်ပုံ - လတ်လတ်

# မင်္ဂလာဒုံမြို့နယ်၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၌ ယနေ့ နံနက်ပိုင်းမှစ၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သဖြင့် ကျောင်းသား ကျောင်းသူ များ ပညာသင်ကြားလျက်ရှိရာ မင်္ဂလာဒုံမြို့နယ်၌ အထက ကိုးကျောင်း၊



အထက(ခွဲ) သုံးကျောင်း၊ အလက ရှစ်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၂ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၀ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ၅၂ ကျောင်းတို့၌ ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းမှစ၍ ကျောင်းတက်ကြရာတွင် လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ နေထိုင်စေခြင်း စသည့် ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက် ပညာသင်ကြားလျက် ရှိကြောင်း သိရသည်။

ထိုသို့ ကျောင်းတက်ကြရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လိုက်နာ ဆောင်ရွက်မှု ရှိ၊ မရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ မြို့နယ်ပညာရေးမှူး ဦးဆောင်သည့် ပညာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက မင်္ဂလာဒုံမြို့နယ်ရှိ ကျောင်းများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရ သည်။

ဉာဏ်ဟိန်း

# နေပြည်တော်၌ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်



**နေပြည်တော် နိုဝင်ဘာ ၁**
ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကို ယာယီပိတ်ထားခဲ့ရပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အရေးများ ဆုံးရှုံးနစ်နာခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်း၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အောက်တိုဘာ ၁၂ ရက်မှစတင်၍ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ အတွင်းနှင့် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းကျဆင်းလာသည့်အတွက် ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များအလိုက် အခြေခံပညာ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရခဲ့ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ကြပြီဖြစ်သည်။

**အသိပညာပေးချိတ်ဆွဲထား**

ထိုသို့ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများနှင့် မျက်နှာကာများ စနစ်တကျ တပ်ဆင်စေခြင်း၊ ကျောင်းအတွင်းသို့ မဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကျောင်းအတွင်း ထားရှိပေးထားသော လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးစေပြီး ကျောင်းတွင်းနှင့် ကျောင်းပြင်ပနေရာများ၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ သိရှိရမည့် ပညာပေးဗီနိုင်းဆိုင်းဘုတ်များကိုလည်း အသိပညာပေးချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ယင်းသို့ ကျောင်းများပြန်လည်ဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ကျောင်းတွေဖွင့်တော့မှာ ဖြစ်တဲ့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ညွှန်ကြားချက်တွေနဲ့အညီ ပြင်ဆင်ထားဖို့ ပညာရေးဝန်ကြီးဌာနက အကြောင်းကြားလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာ ကျောင်းလာတက်တဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းဂိတ်ဝမှာ အပူချိန်တိုင်းစေခြင်း၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခြားနေထိုင်စေခြင်း၊ လက်ဆေးခြင်းနဲ့ နှာခေါင်းစည်းတပ်စေခြင်းတွေကို ဆောင်ရွက်ပေးပါတယ်။ စာသင်ခန်းထဲမှာဆိုရင်လည်း လူဦးရေ ၃၀ နဲ့ ၄၀ အကြားထားပြီး စာသင်ကြားပေးပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်နှံရသေးတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း ဆရာ ဆရာမတွေက ရက်သတ္တ သုံးပတ်ကြာ ကျောင်းအပ်လက်ခံသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၉၇၁ ဦး တက်ရောက်ပါတယ်။ အသက် ၁၂ နှစ်ပြည့်ပြီးသား ကျောင်းသား ကျောင်းသူ ၅၁၇ ဦး ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးပါပြီ။

**စာသင်ခန်းလုံလောက်မှုရှိ**

"ဒီနေ့ ကျောင်းစဖွင့်တဲ့ရက်မှာ ကျွန်တော်တို့ ကျောင်းအနေနဲ့ ၉၀ ရာခိုင်နှုန်း ကျောင်းတက်ရောက်မှု ရှိပါတယ်။ ကျောင်းမှာ သင်ကြားရေးဝန်ထမ်း ၄၆ ဦးနဲ့ ရုံးအဖွဲ့ ခုနစ်ဦးရှိပြီး စာသင်ခန်းလုံလောက်မှု ရှိပါတယ်။ ကျောင်းချိန်အနေနဲ့ မနက် ၉ နာရီ ကျောင်းစတက်ပြီး ညနေ ၃ နာရီခွဲ ကျောင်းဆင်းပေးပါတယ်"ဟု ပြောသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်နှံခဲ့ရသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ဆရာ ဆရာမများက ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေး၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားခွင့် အခွင့်အရေးမဆုံးရှုံးစေရန် ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့မြင်ရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်ကြား သင်ယူခွင့်ရရှိနိုင်စေရန်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်စေရန်နှင့် ကျောင်းသား ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပတ်ဝန်းကျင်သို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးနိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုင်ငံတော်အစိုးရက စီမံချက်တစ်ခုအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝမ်းသာကြည်နူးမိ**

ကျောင်းသားမိဘဖြစ်သူ ဒေါ်ထွေးထွေးက "ကျောင်းဖွင့်ဖို့ရက်ကို မျှော်လင့်နေခဲ့တာ ကြာပါပြီ။ အခုတော့ ဆန္ဒတွေပြည့်ဝခဲ့ပါပြီ။ ကျောင်းတွေ အဆင်ပြေပြေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဟာ ကလေးတွေရဲ့ ပညာတတ်မြောက်မှုအပေါ်မှာ အများကြီးမူတည်နေပါတယ်။ ကျောင်းမတက်ရတဲ့ ကလေးရဲ့ အနာဂတ်ဟာ ဝေဝါးနေမှာ ဖြစ်ပါတယ်။ အခုဆို ကလေးတွေ ကျောင်းတွေမှာ ပညာသင်ကြားပြီး ပျော်ရွှင်နေတာတွေ့ရတော့ ဝမ်းသာကြည်နူးမိပါတယ်။ ကလေးတွေ ကျန်းမာရေးလုံခြုံစိတ်ချမှုရှိပြီး ပညာသင်ကြားနိုင်အောင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်ရှိတယ်ဆိုတာကို ထပ်လောင်းပြောလိုပါတယ်။ ဒါကြောင့် မိမိကလေး အနာဂတ်အတွက် မိဘတွေအနေနဲ့ ကျောင်းကို ပို့ကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ပြောသည်။

**တွေ့မြင်ရ**

ထို့ပြင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်ကြား၊ သင်ယူခွင့်ရရှိနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီး သတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု များပြားလာသည့်အတွက် ဇူလိုင် ၉ ရက်တွင် ကျောင်းများပြန်လည်ပိတ်ခဲ့ရပြီး ယခုအခါ ရောဂါပိုးကူးစက်မှု လျော့နည်းကျဆင်းလာသည့်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရခြင်းဖြစ်ကာ ကောင်စီနယ်မြေအတွင်း အခြေခံပညာကျောင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၈ ကျောင်းနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်းရှိကြောင်း သိရသည်။

**သတင်း - အောင်သန့်**
**ဓာတ်ပုံ - ကိုကိုထိန်**

# မန္တလေးမြို့၌ အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်
# ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၁**
မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ရောဂါပိုးကူးစက်မှု လျော့နည်းလာသည့်အတွက် ယနေ့နံနက်ပိုင်းမှစတင်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

ကျောင်းများသို့လာရောက် ပညာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက ကျောင်းဝင်ပေါက်များ၌ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းနှင့် မျက်နှာကာများ တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ တပ်ဆင်ထားခြင်းမရှိပါက အသင့်ထားရှိသည့် နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ ကျောင်းအတွင်းရှိ လက်ဆေးဘေစင်များတွင် လက်ဆေးစေခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အလားတူ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ အသိပညာများ ပိုမိုရရှိနိုင်စေရန် ကျောင်းတွင်း၊ ကျောင်းပြင်နှင့် စာသင်ခန်းအသီးသီး၌ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ပညာပေးပိုစတာများ၊ ဗီနိုင်းဆိုင်းဘုတ်များကိုလည်း မြင်သာသည့် နေရာများတွင်ချိတ်ဆွဲ၍ အသိပညာပေးထားခြင်းများကို ဆောင်ရွက်ထားပြီး ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်နှံရသေးသည့် ကျောင်းသား ကျောင်းသူများကိုလည်း ပညာသင်ကြားခွင့် မဆုံးရှုံးစေရေးအတွက် ဆရာ ဆရာမများက ကျောင်းအပ်လက်ခံပေးနေပြီး ရက်သတ္တ သုံးပတ်အထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အခြေခံပညာကျောင်းများ အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများနေရာချထားခြင်း၊ စာသင်ချိန်များကို စနစ်တကျစီမံထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကိုလည်း ကြိုတင်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ ကျန်းမာစွာဖြင့် ပညာသင်ကြားခွင့်ရရှိနိုင်ရေးအတွက်လည်း မန္တလေးတိုင်းဒေသကြီးအတွင်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို နိုင်ငံတော်အစိုးရက စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု များပြားလာသည့်အတွက် ဇူလိုင် ၉ ရက်တွင် ကျောင်းများ ယာယီပိတ်ခဲ့ရပြီး ယခုအခါ ရောဂါပိုးကူးစက်မှု လျော့နည်းကျဆင်းလာသည့်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရခြင်းဖြစ်ကာ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၄၂၆၃ ကျောင်း၊ ပုဂ္ဂလိကကျောင်းပေါင်း ၂၄၁ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၃၁၇ ကျောင်း စုစုပေါင်း ၄၈၂၁ ကျောင်းရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

## အသိပညာ၊ အတတ်ပညာရှိသူတွေနဲ့ပဲ နိုင်ငံတော်ကြီးကို တည်ထောင်ရမှာဖြစ်တဲ့အတွက် ကျောင်းတွေ အမြန်ဖွင့်လှစ်နိုင်ရေးဟာ နိုင်ငံအတွက် အရေးပါလှပါတယ်၊ အဲဒါကြောင့် မြို့ပြမှသည် ကျေးလက်ဒေသအဆုံး ကျောင်းတွေ ဖွင့်စေချင်ပါတယ်

အလယ်တန်းပြဆရာမတစ်ဦး

# ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသား ကျောင်းသူ ၈၃၂၇၈ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား


မဆုမြတ်နိုး


ဒေါ်ဟသာဝေ


မအိန္ဒြေမြင့်မိုရ်


မဟန်လဲ့ယဉ်


ကျောင်းသားမိဘတစ်ဦး


အလယ်တန်းပြဆရာမတစ်ဦး

**ရန်ကုန် နိုဝင်ဘာ ၁**

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်း ကျဆင်းနေပြီဖြစ်သောကြောင့် ယနေ့တွင် တိုင်းဒေသကြီး/ပြည်နယ် ကိုးခုမှ နယ်စပ်ဒေသ မြို့နယ် ၄၆ မြို့နယ်ရှိ စာသင်ကျောင်းများမှလွဲ၍ ကျန်မြို့နယ်များအားလုံးရှိ စာသင်ကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ အပါအဝင်)ကို ပြန်လည်ဖွင့်လှစ်ပေး လိုက်ပြီဖြစ်သည်။ သို့ပါ၍ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ ပညာ သင်ကြားခွင့် အခွင့်အလမ်းများ ပြန်လည်ပွင့်လန်း လာပြီ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၂၇၅၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၄၄ ကျောင်း၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ၂၃၀ စုစုပေါင်း ၃၂၃၂ ကျောင်း တို့မှ ကျောင်းအပ်နှံထားသူ ကျောင်းသား ကျောင်းသူ ပေါင်း ၅၃၀၄၃၀ ရှိရာ ယနေ့တွင် ၈၃၂၇၈ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြား လျက်ရှိကြောင်း သိရသည်။

ယနေ့ ကျောင်းစတင်ဖွင့်ခြင်းနှင့်စပ်လျဉ်း၍ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မဆုမြတ်နိုး(Grade-1)**

သမီးက အထက(၂)လသာမှာ ပညာသင်ကြားနေ ပါတယ်။ သမီး ဒီနေ့ ဆရာမ၊ သူငယ်ချင်းတွေနဲ့အတူ ABCD သီချင်းကို သံပြိုင်ဆိုရပါတယ်။ အဲဒီလိုဆိုရတာ ပျော်ပါတယ်။ ကျောင်းပြန်တက်ရတာ စာတွေသင် ရတာ သမီးပျော်ပါတယ်။ သမီးအနေနဲ့ ကျန်တဲ့ သူငယ်ချင်းတွေကို ကျောင်းအတူတူပြန်တက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ စာတွေ အတူတူသင်ရအောင်ပါ။

**ဒေါ်ဟသာဝေ(မူလတန်းပြ)**
**အထက(၂)လသာ**

ကျွန်မသင်တဲ့အတန်းက Grade-1(A)ပါ။ ကျွန်မ အနေနဲ့ ကူးစက်ရောဂါတွေ လျော့ပါးသက်သာလာပြီး အခုလိုကျောင်းပြန်ဖွင့်တာ အလွန်ဝမ်းသာပါတယ်။ ကလေးတွေ ဒီနှစ် အတန်းပြီးတဲ့အထိ စာသင်နိုင် ပါစေလို့ ဆုတောင်းပါတယ်။ စာလည်း သင်ချင်နေပြီ၊ တပည့်တွေနဲ့လည်း တွေ့ချင်နေပါတယ်။ ကလေး တွေက ကျောင်းပိတ်ထားတာကြာတော့ အိမ်မှာ စားလိုက်အိပ်လိုက်နဲ့ပဲ အကုန် ခန္ဓာကိုယ်တွေကြီးထွား လာကြပြီ။ ကလေးတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းတွေအတိုင်း ခုံတွေခြားပေး ထားတယ်။ အပူချိန်တိုင်းတယ်၊ လက်ဆေးရမယ်၊ စာသင်ချိန် Mask တပ်ထားရမယ်။ စာသင်ချိန်က နံနက် ၈ နာရီကနေ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှာ ကျောင်းဆင်းပါမယ်။ စာသင်ချိန် တစ်ချိန်ကို မိနစ် ၄၀ နဲ့ စာသင်ချိန် တစ်နေ့ ခုနစ်ချိန်သင်ကြားပေးပါ တယ်။ တစ်ပတ်ကို စာသင်ချိန် ၃၅ ချိန်ရှိပါတယ်။ ကလေးတွေကို ထမင်းစားတဲ့အခါမှာလည်း ကိုယ့်ခုံ မှာကိုယ် စနစ်တကျ သီးသန့်စားဖို့ပြောထားပါတယ်။ ကျောင်းသားတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးပြီးတဲ့အတွက် စာသင်ကြားဖို့ အများကြီး အထောက်အကူပြုလာပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ကာကွယ်မှုတွေ နည်းနည်းရှိလာပါ တယ်။ ဘာပဲဖြစ်ဖြစ် ကာကွယ်ဆေးတွေထိုးထားတဲ့ အတွက် အများကြီးအကျိုးရှိပါတယ်။

**မအိန္ဒြေမြင့်မိုရ်(Grade-9)**

ဒီတစ်ခေါက်မှာ ကိုဗစ်ကာကွယ်ဆေးလည်း ထိုးထားတယ်ဆိုတော့ ရောဂါကူးစက်မှုက နည်းနည်း လျော့ကျသွားမယ်လို့ထင်ပါတယ်။ သမီးတို့က ပညာလိုလားသူတွေမို့ ကျောင်းကို မတက်မဖြစ် တက်ရမှာပဲ။ သမီးတို့ ကျောင်းပိတ်လိုက်တဲ့အချိန်မှာ အတိုင်းအတာတစ်ခုအထိ စာတွေပြတ်လပ်သွားခဲ့ တယ်။ တချို့ဆို စိတ်ပျက်သွားတာမျိုးတွေဖြစ်နေကြ တယ်။ အဲဒါကြောင့် သမီးကတော့ ကျောင်းကို မဖြစ်မနေတက်တယ်။ သမီး စာတွေနဲ့ အဆက်မပြတ် ချင်ဘူး။ ကျောင်းတွေပြန်ဖွင့်လိုက်တဲ့အတွက် ဆရာမ တွေ၊ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ပြီး ရင်းနှီးမှုတွေ ပြန်ရတဲ့အတွက် ဝမ်းသာပါတယ်။ အဲဒီအတွက် နိုင်ငံတော်အစိုးရကို အလွန်ကျေးဇူးတင်ပါတယ်ရှင့်။

**မဟန်လဲ့ယဉ်(Grade -7)**

ကျောင်းတွေပြန်ဖွင့်ပြီး ဆရာမတွေ၊ သူငယ်ချင်း တွေနဲ့အတူ ကျောင်းသင်ခန်းစာတွေ ပြန်လည်သင်ခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်။ သမီးတို့ကျောင်းကို စဝင်ကတည်းက အပူချိန်တိုင်းတယ်။ လက်ကို ဆပ်ပြာနဲ့စနစ်တကျဆေးရတယ်။ ကျောင်းစတက် တာနဲ့ နိုင်ငံတော်သီချင်းသီဆိုရတာ ဂုဏ်ယူပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသလို ခံစားရပါ တယ်။ ပညာတတ်မှလည်း နိုင်ငံ့အကျိုးကို သယ်ပိုး နိုင်မှာပါ။

**ကျောင်းသားမိဘတစ်ဦး**

ကျောင်းတွေပြန်ဖွင့်တဲ့အတွက် ကျောင်းသား မိဘတစ်ဦးအနေနဲ့ စိတ်ပျော်ရွှင်မိပါတယ်။ ကျောင်း တွေအကုန်ပြန်ဖွင့်ပြီး ကျောင်းသားတွေကို ပျော်ပျော် ရွှင်ရွှင်နဲ့ ကျောင်းအကုန်ပြန်တက်စေချင်တယ်။ နိုင်ငံ တစ်ဝန်းမှာ ကျောင်းတက်ခေါင်းလောင်းသံလေးတွေ ကို ကြားစေချင်တယ်။ တိုင်းပြည်အနာဂတ်တိုးတက် ရေးမှာ ပညာရေးကဏ္ဍက ဆက်စပ်လျက်ရှိတာမို့ နိုင်ငံတော်တည်ဆောက်ရေးမှာ အသိပညာ အတတ် ပညာကိုလည်း ရစေချင်တယ်။ ဒါကြောင့်ပညာရေး ကဏ္ဍက အရေးကြီးပါတယ်။ အခုလို ကျောင်းတွေ ပြန်ဖွင့်ပေးတဲ့အတွက် ကျောင်းသားမိဘတစ်ဦး အနေနဲ့ အများကြီးဝမ်းသာပါတယ်။ ပြန်ဖွင့်ပေးတဲ့ သက်ဆိုင်ရာကိုလည်း ကျေးဇူးတင်ပါတယ်။

**အလယ်တန်းပြဆရာမတစ်ဦး**

ကျွန်မတို့ကျောင်း အထက်တန်းက နံနက် ၇ နာရီ ၁၅ မိနစ်မှာ တက်ပါတယ်။ အလယ်တန်းနဲ့ မူလတန်းက နံနက် ၈ နာရီမှာ တက်ပါတယ်။ ကျောင်းသားတွေကို ကျောင်းဂိတ်ဝမှာကတည်းက အပူချိန်တိုင်းပါတယ်။ လက်ကိုစနစ်တကျဆေးရပါ တယ်။ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာပြီး ကျောင်းထဲ ဝင်ရပါတယ်။ ကျောင်းခန်းထဲမှာလည်း ခြောက်ပေ ခွာပြီး ထိုင်ခိုင်းပါတယ်။ အခန်းတိုင်းရှေ့မှာ လက်ဆေး ဘေစင်တွေထားပေးပါတယ်။ ကိုဗစ်ဖြစ်လိုက်တဲ့ အတွက် ကျောင်းပိတ်လိုက်ရတယ်။ ကျောင်းသား ကျောင်းသူတွေအတွက်ရော၊ မိဘတွေအတွက်ရော နိုင်ငံတော်အတွက်ပါ နစ်နာခဲ့ရတယ်။ အခုတော့ ကျောင်းတွေပြန်ဖွင့်တဲ့အတွက် ကျွန်မတို့အားလုံး ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတစ်ခုကို တည်ထောင်တဲ့အခါမှာ အသိပညာရှင်၊ အတတ် ပညာရှင်တွေက ဦးဆောင်နေတာဖြစ်ပါတယ်။ အဲဒါ ကြောင့်မို့ ကျောင်းတွေပြန်ဖွင့်လိုက်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ တိုင်းပြည်ရဲ့အနာဂတ် အရေးသည် ပညာရေးနဲ့ဆက်စပ်နေတာမို့ အတန်း ပညာမှသည် အသိပညာရရပါတယ်။ အသိပညာမှ သည် အတတ်ပညာရရပါမယ်။ အသိပညာ၊ အတတ် ပညာရှိသူတွေနဲ့ပဲ နိုင်ငံတော်ကြီးကို တည်ထောင်ရ မှာဖြစ်တဲ့အတွက် ကျောင်းတွေအမြန်ဖွင့်လှစ်နိုင်ရေး ဟာ နိုင်ငံအတွက်အရေးပါလှပါတယ်။ အဲဒါကြောင့် မြို့ပြမှသည် ကျေးလက်ဒေသအဆုံး ကျောင်းတွေဖွင့် စေချင်ပါတယ်။ နိုင်ငံအနှံ့ ကျောင်းတက်ခေါင်းလောင်း သံတွေ လွင့်ပျံ့စေချင်ပါတယ်။

**သတင်း/ဓာတ်ပုံ - မွှေးမွှေး**

# ညောင်လေးပင်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ညောင်လေးပင် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့ နံနက် ၈ နာရီကစ၍ ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက်ရှိ မဟာတိလောကသယမ္ဘူဘုရားကြီးစောင်းတန်း၌ ဆက်လက်ထိုးနှံပေးခဲ့ ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းယုန်းနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေး ခဲ့ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သဲဝတ်ရည်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။

ညောင်လေးပင်မြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၈၀၀၀ ကျော်ရှိကာ ယနေ့ ညောင်လေးပင်မြို့တွင် အထက(ခွဲ) ညောင်လေးပင်မှ ၃၃၆ ဦး၊ အထက(ခွဲ)ပန်းတင်မှ ၈၆ ဦး၊ အလက(ခွဲ) တပ်မတော်ရပ်မှ ၃၇ ဦး၊ အလက ဇီးဖြူခင်မှ ၃၄ ဦး၊ အလက အင်းကျိုက် မှ ၉၆ ဦး၊ အလက အရှေ့ဇီးကန်မှ ၂၂ ဦး၊ အလကကြံဘိုမှ ၁၂ ဦး၊ အလက ကြာအင်းကြီးမှ ၇၇ ဦးတို့အား ထိုးနှံပေးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ် ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

နီနီဝင်း(ပြန်/ဆက်)






## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသော ကမ္ဘာလှည့်ခရီးသွားများအား နိုဝင်ဘာ ၁ ရက်မှစတင်၍ အစ္စရေးနိုင်ငံသို့ ဝင်ရောက်ခွင့်ပြု

**ဂျေရုဆလင် နိုဝင်ဘာ ၁**

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသော ကမ္ဘာလှည့်ခရီးသွားများအား ယနေ့မှစတင်၍ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုလိုက်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ အတွင်းသို့ လာရောက်လည်ပတ်ခြင်းမပြုမီ သီတင်းနှစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်မားသော နိုင်ငံများသို့ ခရီးသွားရောက်ခဲ့ခြင်းမရှိသူ ကမ္ဘာလှည့်ခရီးသွားများကိုသာ နိုင်ငံအတွင်းသို့ဝင်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးသွားများအနေဖြင့် Sinopharm၊ Sinovac၊ Moderna၊ Pfizer၊ Janssen၊ AstraZeneca၊ Covishield၊ SputniK-V စသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးမျိုးကို ထိုးနှံပြီးစီးရမည်ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ကမ္ဘာလှည့် ခရီးသွားများအနေဖြင့် ဆေးလက်မှတ်အထောက်အထားကို အစ္စရေးကျန်းမာရေးဝန်ကြီးဌာနသို့ အွန်လိုင်းမှတစ်ဆင့် အစစ်ဆေးခံယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်မည့် ခရီးသွားများသည် ၇၂ နာရီအတွင်း စစ်ဆေးထားသော ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ကို ပြသရမည်ဖြစ်ပြီး နိုင်ငံအတွင်းသို့ရောက်ရှိလာသည့်အချိန်၌ ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှု ထပ်မံခံယူရမည်ဖြစ်သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈ ဒသမ ၅ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁**

အာဖရိကတိုက်၌ ယမန်နေ့မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၈၄၉၄၆၃၄ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၈၂၂၈ ဦးရှိလာကြောင်း သိရသည်။ လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၈၉၂၆၆၉ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

## သီရိလင်္ကာနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံ

**ကိုလံဘို နိုဝင်ဘာ ၁**

သီရိလင်္ကာနိုင်ငံသည် ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစင်တာ၌ တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်း စတင်ထိုးနှံပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးရာ၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုထိုးနှံပေးခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ကျန်းမာရေးလုပ်ငန်းမှညွှန်ကြားရေးမှူးချုပ် အက်လာဂူနာဝါဒီနာက ပြောကြားသည်။ သီရိလင်္ကာတပ်မတော်နှင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်း ထိုးနှံပေးပြီးပါက လေဆိပ်ဝန်ထမ်းများ၊ ဆိပ်ကမ်းဝန်ထမ်းများနှင့်ခရီးသွားလာရေးလုပ်ငန်းမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအပိုဆောင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးရွယ်အိုများ၊ အသက် ၃၀ မှ ၆၀ ရှိ ရောဂါခုခံနိုင်စွမ်းနည်းပါးသောသူများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ အသက် ၂၀ နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအပိုဆောင်း ထိုးနှံပေးရန် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားပြီး လက်ရှိအချိန်၌ နိုင်ငံအတွင်းရှိ အသက် ၂၀ နှင့်အထက်ရှိသူ ၉၀ ရာခိုင်နှုန်းကျော်အား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပေးပြီးဖြစ်သည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၁၀၇၃ ဦးရှိပြီး ၁၃၇၄၃ ဦးမှာ အဆိုပါရောဂါကြောင့်သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ထိုင်းနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသည့် နိုင်ငံတကာခရီးသွားများအား နိုင်ငံအတွင်း စတင်ဝင်ရောက်ခွင့်ပြု

**ဗန်ကောက် နိုဝင်ဘာ ၁**

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသည့် နိုင်ငံတကာ ခရီးသွားများအား နိုင်ငံအတွင်း စတင်ဝင်ရောက်ခွင့်ပြုခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံသို့ ရောက်ရှိလာချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်မှု ခံယူရမည်မဟုတ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၆၃ ခုမှ နိုင်ငံတကာခရီးသွားများအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ယနေ့တွင် စတင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ခွင့်ပြုပေးလိုက်ခြင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သည့် ထိုင်းနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ခြေလှမ်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ နိုင်ငံတကာ ခရီးသွားများ ဝင်ရောက်ခွင့်ကို တားမြစ်ခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီအချိန်က ထိုင်းနိုင်ငံသို့ နှစ်စဉ်နိုင်ငံတကာ ခရီးသွား သန်း ၄၀ ခန့်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

■



## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၉၈၄ ဦးရှိလာ

**အန်ကာရာ နိုဝင်ဘာ ၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၉၈၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၈၀၃၂၉၈၈ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

**သေဆုံးသူစုစုပေါင်း ၇၀၆၁၁ ဦးရှိ**

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၀၁ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၀၆၁၁ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၆၁၇၅ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၅၅ ဒသမ ၃၉ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၈ ဒသမ ၆၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၆ ဒသမ ၂၈ သန်း ကျော်အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၇၅၈၀၃၈၁ | ဦး |
| သေဆုံးသူ | ၅၀၁၇၄၂၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၄၂၂၇၉၆၀ | ဦး |

## အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၈၅၇ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် နိုဝင်ဘာ ၁**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၈၅၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၅၉၃၄၄၉၅ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၃ ဦးရှိရာ လက်ရှိတွင် သေဆုံးသူပေါင်း ၁၂၆၄၅၆ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၅၂၁၉၃၁ ဦးရှိလာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသူစုစုပေါင်း ၃၈၅၉ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၅၂၈၆၀၀၄၉ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၃၅၂၈၃၆၁၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ပညာသင်ကြားမည့် ကျောင်းနေအရွယ် ကလေးသူငယ်များကို ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် စာသင်ကျောင်းများအား ပျက်စီးစေရန် အကြမ်းဖက်သမားများက စာသင်ကျောင်းများ၌ ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင် တိုက်ခိုက်မှုများ၊ နေအိမ်များ၊ လမ်းတံတားများနှင့် ပြည်သူပိုင်ရုံး၊ ဌာနအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများအပြင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများကိုပါ ဗုံးထောင်၊ ဖောက်ခွဲ၊ ဖျက်ဆီးမှုများအထိ လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့မရပ်ကွက် ကုတိုးကုံးရပ်ရှိ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းအနီး လမ်းပေါ်၌ အကြမ်းဖက်သမားတစ်ဦးက မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသဖြင့် အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ၍ သေဆုံးနေသည့် အကြမ်းဖက်သမားတစ်ဦးကို တွေ့ရှိရပြီး ၎င်းအနီးမှ လက်ကိုင်ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် ကျောင်းဆောင်၏ မျက်နှာကြက်များနှင့် ပြတင်းပေါက်တံခါးမှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အတွင်း ပေါက်ကွဲသံ နှစ်ကြိမ်ကြားရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဗားကရာလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း (ကြည့်မြင်တိုင်) ရှေ့လမ်းဘေး၌ ပေါက်ကွဲထားသော ဖုန်းအပိုင်းအစများ၊ PVC ပိုက်အပိုင်းအစများနှင့် ဆားကစ်ပြားအပိုင်းအစများကို သိမ်းဆည်းရမိခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံထိခိုက်မှုမရှိကြောင်း



ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗားကရာလမ်း အထက(၁) ကျောင်းခြံစည်းရိုးရှေ့ရေမြောင်း၌ လက်လုပ်ဗုံးပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။

သိရသည်။

အဆိုပါဖြစ်စဉ်များအရ ကျောင်းနေအရွယ်ကလေးသူငယ်များ စာသင်နှစ် နောက်ကျမှုမရှိစေဘဲ ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က စာသင်ကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်မည်ကို မလိုလားသည့် အကြမ်းဖက်သမားများက ကလေးသူငယ်များကို ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ပညာသင်ကြားသည့်အဆောက်အအုံများ ထိခိုက်ပျက်စီးစေသည်အထိပါ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မြို့/ရွာ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ မိဘပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံကြောင်းနှင့် အကြမ်းဖက်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းနေ၊ စိုင်းဟန်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွမူးယစ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ ဈာန်ထွန်း(ခ)စောတကီး၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘန့်ဘိန်းကျေးရွာအနီးတွင် စိုင်းအမ်မောင်းနှင်ပြီး စိုင်းနေနှင့် စိုင်းဟန်တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် စိုင်းအမ်မှာ ယာဉ်အားရပ်တန့်၍ ထွက်ပြေးသွားပြီး ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ပန်းတနော်မြို့နယ်၌ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းအား စံကွက်ရိတ်သိမ်းခြင်းနှင့် သရုပ်ပြပွဲကျင်းပ

ပန်းတနော် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းအား စံကွက်ရိတ်သိမ်းခြင်းနှင့် သရုပ်ပြပွဲကို ဘဝိုင်းကျေးရွာရှိ တောင်သူဦးမြင့်ဦးပိုင် လယ်ယာမြေ ငါးကေတွင် ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းနှင့် သရုပ်ပြပွဲကို ဘဝိုင်းကျေးရွာ ကွင်းအမှတ် ၄၆၃(ခ)၊ ဦးပိုင်အမှတ်(၂၈) ရှိ တောင်သူ ဦးမြင့်ဦး၏ လယ်ယာမြေ ငါးကေတွင် ဆင်းသုခစပါးမျိုး စံကွက်ရိတ်သိမ်းရာ စပါးအစိုထွက်တင်း တစ်ဧကလျှင် တင်း ၁၂၀ နှုန်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ခင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးလွင်နှင့် ကွင်းတာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၁-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ဆလုံသာသနာပြုနယ်လှည့်ဓမ္မကထိက ဂျလန်းကျွန်းဆရာတော်
**၀၉:၂၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**တတ္တဗေဒဘာသာရပ်**'
**၁၆:၃၅** ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြန်မာနိုင်ငံ၏ ကျောင်းများဖွင့်လှစ်မှုအခြေအနေ
**၁၇:၁၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၉:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း '**အန္တရာယ်အသိစ် ဆေးလိပ်**'
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**မဟာမျက်နှာဖုံး**' (အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြ မြန်မာတေးအလှ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**မတူညီသောမေတ္တာများ**' (အပိုင်း-၂၀)
**၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း '**ဆရာရှိသည်**'

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Expo's Must-See Attractions
**07:35** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
**07:46** Ecotourism: The Famous Zalon Mountain
**08:01** Secret Recipes by Gourmet Chefs (French)
**08:47** Ancient Heritage In Natalin
**09:01** Colourful Threads
**09:09** Myanmar's Bamboo Hat
**09:24** Myanmar Orchestra (Thachinkhant)
**09:28** Rakhine Tourist Area
**10:01** Myanmar Masterclass: 3D
**10:10** Temple Stalls
**10:17** Myanmar Tradition of Lotus Flower

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တလေဒူးခုန်ခြင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စားချင်စရာဝဥဟင်းအရသာ
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ချင်း (ချို) (၁၂:၀၀ မှ ၁၃:၀၀)**
ညောင်စေးပြုလုပ်ခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးပုံတောင်သို့အလည်တစ်ခေါက်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
အင်းသားလေ့လှော်ကမ္ဘာကျော်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
လွယ်မွေမြို့သို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မျဉ်းနှစ်ကြောင်းရဲ့ချစ်ခြင်း(ဇာတ်လမ်းတို)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ဖြူစင်သောစိတ်ထား**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက်(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

(ယမန်နေ့မှအဆက်)

## မကွေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Lucky 7 | ၁,၄၁၇ | ၁,၃၈၄ | ၁,၃၉၁ | ကံပြားကျေးရွာ၊ မကွေးမြို့။ |
| ၂ | MinBu Star | ၁,၄၁၇ | ၁,၃၈၄ | ၁,၃၉၁ | မင်းဘူးမြို့နယ်။ |
| ၃ | KS(025) | ၁,၄၁၂ | ၁,၃၇၉ | ၁,၃၈၆ | ကသစ်ကန်ကျေးရွာ၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄ | KS(024) | ၁,၄၂၂ | ၁,၃၈၉ | ၁,၃၉၆ | ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၅ | KS(009) | ၁,၄၂၂ | ၁,၃၈၉ | ၁,၃၉၆ | ကိုးပင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၆ | Denko(မကွေး ၁) | ၁,၄၀၂ | ၁,၃၆၉ | ၁,၃၇၆ | မကွေး-နတ်မောက်လမ်း၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ မကွေးမြို့ (နတ်မောက် အထွက်)။ |
| ၇ | ရွှေမြန်မာမျိုး | ၁,၄၅၀ | | | ရွှေဘုံသာရပ်ကွက်၊ ကမ်းနားလမ်းနှင့် သတ္တဋ္ဌာနဘုရားလမ်းထောင့်။ |
| ၈ | Shwe Byain Phyu (ပခုက္ကူ) | ၁,၄၂၇ | ၁,၃၇၉ | ၁,၃၈၆ | ကျောက်ကန်ကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၉ | Regency Petrol Station(Magway-1) | ၁,၄၀၂ | ၁,၃၆၉ | ၁,၃၇၆ | မကွေး-နတ်မောက်လမ်း၊ ဖန်ခါးမြေဂေါက်ကွင်းရှေ့၊ မကွေးမြို့။ |

## ပဲခူးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Shwe Byain Phyu (Paung Ta Lae) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | ပြည်-ပေါက်ခေါင်းလမ်းမကြီး၊ ပေါင်းတလည်မြို့နယ်၊ ပေါင်းတလည်။ |
| ၂ | Shwe Byain Phyu(Min Hla) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | သရက်ပျဉ်၊ မင်းလှမြို့နယ်၊ မင်းလှမြို့။ |
| ၃ | Shwe Byain Phyu(Oak Phoe) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | အမှတ်(၁)ပန်းတင်းကျေးရွာအုပ်စု၊ အုတ်ဖိုမြို့နယ်၊ အုတ်ဖို။ |
| ၄ | Shwe Byain Phyu (Lat pa Tan) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | လက်ပံတန်းမြို့နယ်။ |
| ၅ | Shwe Byain Phyu(Pyay) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | နဝဒေးရပ်ကွက်၊ ပြည်မြို့နယ်၊ပြည်မြို့။ |
| ၆ | Yadana Petrol Station (သာယာဝတီ) | | ၁,၁၃၂ | | အမှတ်(၁၀/ခ)၊ ပြည်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့၊ပဲခူးတိုင်းဒေသကြီး။ |
| ၇ | Yadana Petrol Station (သုံးဆယ်) | | ၁,၁၃၂ | | ရန်ကုန်-ပြည်လမ်း၊ အရှေ့ရိုးကြီးရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၈ | Yadana Petrol Station (လက်ပံတန်း) | | ၁,၁၄၂ | | ကျွန်းကလေးကျေးရွာ၊ ချမ်းသာကုန်းကျေးရွာအုပ်စု၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၉ | Yadana Petrol Station (ရွှေတောင်) | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကြာနီကန်ရပ်ကွက်၊ ရန်ကုန် – ရွှေတောင် – ပြည်လမ်းမကြီး၊ ရွှေတောင်မြို့၊ပဲခူးတိုင်းဒေသကြီး။ |
| ၁၀ | Yadana Petrol Station (ပေါင်းတည်) | ၁,၃၉၇ | | ၁,၃၇၆ | အမှတ်(၃၆)၊ ဈေး(၂)ရပ်ကွက်၊ ပြည်လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၁ | Tharrawaddy | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ်(၁၂၅၂)၊ ရန်ကုန်-ပြည်လမ်းမကြီးဘေး သင်းတောရိုးရွာ၊ ကန်းရင်ကောက်အဝန်း၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၂ | MMTM – Bago | ၁,၃၇၀ | ၁,၃၄၀ | ၁,၃၅၀ | အမှတ်(၉)ရပ်ကွက်၊ ဥသျှောမြို့သစ်၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ပဲခူးမြို့။ |
| ၁၃ | KKP Intakaw | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ရန်ကုန်-ပဲခူးလမ်းမကြီး၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၄ | KS(032) | ၁,၃၉၂ | ၁,၃၆၄ | ၁,၃၇၁ | မဲခုန်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးမြို့ရှောင်လမ်း။ |
| ၁၅ | KS(008) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | တောင်နန်းချွန်ကျေးရွာ၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၆ | Puma Power 016 Bago | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကျိုက်လှကျေးရွာ၊ ကျိုက်လှဘူတာကွင်း၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၇ | Puma Power 017 Bago | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကလိရွာလမ်း၊ တော်ရွာအရှေ့ကွင်း၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၈ | Puma Power 018 Bago | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ဝမ်းဘဲအင်းရွာလမ်း၊ ဝမ်းဘဲအင်း၊ ပဲခူး။ |
| ၁၉ | ထက်ကေရီ – အင်းတကော် | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ရန်ကုန်-မန္တလေးလမ်းမကြီး၊ (၁၀၅)တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၂၀ | သရဖူ-တောင်ငူ | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | ခပေါင်းတံတားအနီး၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။ |

## ဧရာဝတီတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Shwe Byain Phyu (ကျုံမငေး) | ၁,၁၅၂ | ၁,၁၄၇ | ၁,၁၅၄ | မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက်။ |
| ၂ | Shwe Byain Phyu (ဇလွန်) | ၁,၃၉၂ | ၁,၃၆၄ | ၁,၃၇၁ | အဒါးလမ်းနှင့် ပုပ္ပါးလမ်းထောင့်၊ လမ်းမတော်မြောက်ရပ်ကွက်၊ဇလွန်မြို့၊ဧရာဝတီတိုင်းဒေသကြီး။ |
| ၃ | Shwe Byain Phyu (ကြံခင်း) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | တလိုင်းကွင်းကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၄ | Shwe Byain Phyu (မြန်အောင်) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | အမှတ်(၂)ရပ်ကွက်၊ စာတဲလမ်း၊ မြန်အောင်မြို့ |
| ၅ | YKK – Maubin | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ဘုရားလမ်းနှင့် မြို့ရှောင်လမ်းထောင့်၊(၂)ရပ်ကွက်၊ မအူပင်မြို့။ |
| ၆ | YKK – Dedaye | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ဒေးဒရဲတံတားအနီး၊ ချဉ်းကပ်လမ်း၊ (၂)ရပ်ကွက်၊ ဒေးဒရဲမြို့။ |
| ၇ | Yay Kyi | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ရေကြည်မြို့နယ်။ |
| ၈ | Pathein 1 | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | မဥ္ဇူလမ်း။ |
| ၉ | OK Energy (Pathein) | ၁,၃၈၂ | ၁,၃၅၄ | ၁,၃၆၁ | ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး။ |
| ၁၀ | KS(016) | ၁,၃၈၇ | ၁,၃၅၉ | ၁,၃၆၆ | ဆင်တုန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၁ | KS(020) | ၁,၃၈၇ | ၁,၃၅၉ | ၁,၃၆၆ | မဲဇလီဒလကျေးရွာ၊ညောင်တုန်းမြို့နယ်၊ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၂ | KS(023) | ၁,၃၈၇ | ၁,၃၅၉ | ၁,၃၆၆ | ထိပ်ဝကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၃ | MMHK – PT | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကမ်းနားလမ်း၊ ရေပေါ်ဈေးအနီး၊ (၂)ရပ်ကွက်၊ ပုသိမ်မြို့။ |
| ၁၄ | Denko (ဓနုဖြူ ၁) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ် (၁၁-၂၈) ဓနုဖြူ – ဇလွန်ကားလမ်းမကြီးဘေး၊ အုန်းပင်ကွင်းကျေးရွာအုပ်စု၊ ဓနုဖြူမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၅ | Denko (ပုသိမ် ၂) | ၁,၃၈၂ | ၁,၃၅၄ | ၁,၃၆၁ | အမှတ်(၃၃/ခ)၊ ကမ်းနားလမ်း၊ အမှတ် ၁ ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |

## ကချင်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Regency Petrol Station(Mohyin) | ၁,၄၆၂ | ၁,၄၃၄ | ၁,၄၄၁ | နားခါးမြောက်ရပ်ကွက်၊ မြစ်ကြီးနားရွှေဘိုလမ်းမကြီး၊ မိုးညှင်းမြို့။ |
| ၂ | Regency Petrol Station(MyitKyiNa) | ၁,၄၆၂ | ၁,၄၃၄ | ၁,၄၄၁ | အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားဘူတာရုံအနီး၊ မြစ်ကြီးနားမြို့။ |
| ၃ | Asia Energy (မြစ်ကြီးနား-မြေမြင့်ဆိုင်) | ၁,၄၅၇ | ၁,၄၁၄ | ၁,၄၂၁ | အမှတ်(၅၃၃)၊ ပြည်ထောင်စုလမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်၊ မြေမြင့်ရပ်၊ မြစ်ကြီးနားမြို့။ |
| ၄ | Asia Energy (မြစ်ကြီးနား-သီတာ) | ၁,၄၅၇ | ၁,၄၁၄ | ၁,၄၂၁ | ဦးပိုင်အမှတ် (၁၁/၂)၊ အကွက် (၉)၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |

## ကရင်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium | |
| ၁ | Denko (ဘားအံ ၁) | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | အမှတ် ၀၈၅၉၊ အမှတ်(၉)ရပ်ကွက်၊ ရေကျော်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ (မြဝတီ-ဘားအံလမ်းမကြီး၊ လှိုင်းဘွဲ့လမ်းဆုံအနီး) |

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၉,၂၁၇ ဦးအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၇၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃၁-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၂၁၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈၇၇)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၄.၅၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၈၈၆,၀၀၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၀၀,၉၅၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၂၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၉,၂၁၈)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၇၁၄) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၁)၊ အပတ်စဉ် (၄၂) နှင့် အပတ်စဉ် (၄၃) တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်မှု ဆက်လက်လျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၈၅)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈)ခု | (၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၂)ခု | (၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၉၈)ခု | (၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၇၂)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၄၀)ခု | (၈၂၇)ဦး |
| စုစုပေါင်း | (၁၉,၂၁၇)ခု | (၈၇၇)ဦး |

### လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၁၀-၁၀-၂၀၂၁ မှ ၃၀-၁၀-၂၀၂၁) ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၁၀-၁၀-၂၀၂၁ မှ ၁၆-၁၀-၂၀၂၁) (Epi Week-41) | ၁၂၂,၆၇၄ | ၉,၅၁၈ | ၇.၇၆ |
| (၁၇-၁၀-၂၀၂၁ မှ ၂၃-၁၀-၂၀၂၁) (Epi Week-42) | ၁၀၉,၁၀၂ | ၆,၇၂၅ | ၆.၁၆ |
| (၂၄-၁၀-၂၀၂၁ မှ ၃၀-၁၀-၂၀၂၁) (Epi Week-43) | ၁၂၉,၁၀၆ | ၅,၇၄၅ | ၄.၄၅ |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၈၂၃၉၃၈ | ၃၆၇၁၅၃၁၃ | ၇၆၆၂၉၉ |
| ၂။ | အိန္ဒိယ | ၃၄၂၈၅၈၁၄ | ၃၃၆၆၈၅၆၀ | ၄၅၈၄၇၀ |
| ၃။ | ဘရာဇီး | ၂၁၈၁၀၈၅၅ | ၂၀၉၉၆၇၇၂ | ၆၀၇၈၆၀ |
| ၄။ | ဗြိတိန် | ၉၀၅၇၆၂၉ | ၇၃၅၆၅၇၆ | ၁၄၀၆၃၂ |
| ၅။ | ရုရှား | ၈၅၅၄၁၉၂ | ၇၃၈၁၇၂၆ | ၂၃၉၆၉၃ |
| ၆။ | တူရကီ | ၈၀၃၂၉၈၈ | ၇၄၉၀၁၂၅ | ၇၀၆၁၁ |
| ၇။ | ပြင်သစ် | ၇၁၆၆၈၇၇ | ၆၉၃၉၉၄၈ | ၁၁၇၆၈၃ |
| ၈။ | အီရန် | ၅၉၂၄၆၃၈ | ၅၅၀၈၈၁၅ | ၁၂၆၃၀၃ |
| ၉။ | အာဂျင်တီးနား | ၅၂၈၈၀၀၇ | ၅၀၅၅၁၈၄ | ၁၁၅၉၅၀ |
| ၁၀။ | စပိန် | ၅၀၁၁၁၄၈ | ၄၈၆၄၃၁၈ | ၈၇၃၆၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၄၇၆၁ | ၄၀၈၉၄၁၉ | ၁၄၃၄၂၃ |
| ၂။ | ဖိလစ်ပိုင် | ၂၇၉၀၃၇၅ | ၂၇၀၃၉၁၄ | ၄၃၂၇၆ |
| ၃။ | မလေးရှား | ၂၄၇၁၆၄၂ | ၂၃၇၄၇၆၁ | ၂၈၉၁၂ |
| ၄။ | ထိုင်း | ၁၉၂၀၁၈၉ | ၁၈၀၁၇၀၂ | ၁၉၂၆၀ |
| ၅။ | ဗီယက်နမ် | ၉၂၆၇၂၀ | ၈၂၂၀၆၅ | ၂၂၁၃၁ |
| ၆။ | မြန်မာ | ၅၀၀၉၅၀ | ၄၆၉၂၁၈ | ၁၈၇၁၄ |
| ၇။ | စင်ကာပူ | ၁၉၈၃၇၄ | ၁၆၆၆၁၀ | ၄၀၇ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၈၆၁၃ | ၁၁၄၉၀၂ | ၂၇၉၄ |
| ၉။ | လာအို | ၄၀၉၅၆ | ၃၃၅၀၈ | ၆၇ |
| ၁၀။ | ဘရူနိုင်း | ၁၃၂၄၆ | ၁၁၅၀၂ | ၈၉ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဝမ်းဗိုက်မှာ မောက်ကြွလာသည်ဆိုစေ များစွာသိသာသည်ကား မဟုတ်။ အသေအချာမကြည့်လျှင် ထင်ထင်ပေါ်ပေါ်မရှိလှ။ ပြီး အိမ်မှလူကြီးတွေ၏ အာရုံတခြားသို့ရောက်နေသည့်အတွက် ကိုပင် ကျေးဇူးတင်ရသေးသည်။

ခင်ခင်ကြီးသည် ပြတင်းပေါက်မှာ ထိုင်သည်။ လမ်းမဘက်သို့ ငေးကြည့်နေလေ့ရှိသည်။ ပူပြင်းခြောက်ခန်းသော အသွင်အလျားကို အဓိပ္ပာယ်မဲ့ စူးစိုက် ကြည့်နေတတ်လေ့ရှိသည်။ လမ်းမပေါ်မှာ နေပူရှိန်ကြောင့် တံလှပ်တရှိန်ရှိန် ထနေသည်။ ရက်များမကြာမီက သင်္ကြန်ရက်များသည် လမ်းမပေါ်မှာ ဖြစ်ခဲ့သည်။ ကလေးများ ရေပက်ကစားကြသည်။ အသံဗလံများ ညံစီနေခဲ့သည်။ ယခုမူ လမ်းမှာ ရှင်းနေသည်။ တိတ်ဆိတ်နေသည်။ ရုံခါမှပင် ကားအချို့ ဖြတ်သန်းသွားသည်။ လူအချို့ကို ချစ်ချစ်တောက်တောက် နေပူရှိန်အောက်တွင် လျှောက်သွားကြောင်း တွေ့ရသည်။ ရုံခါတွင်တော့ ခင်ခင်ကြီး၏ စိတ်မှာ ထိုအထဲမှ တစ်ယောက်ယောက်သည် မောင်မောင်ဦး ဖြစ်နေလေမလား ထင်မိသည်။ အိမ်ရှေ့မှ ဖြတ်သန်းသွားကြသူ အထဲတွင် မောင်မောင်ဦး ပါဝင်နေပါက အဘယ်မျှ ဝမ်းသာရလေမည်နည်း တွေးမိသည်။

သို့နှယ်ပင် နွေသည် အဆုံးစွန်သော ပူပြင်းခြောက်သွေ့သည့် လက္ခဏာများကို ပြလာသည်။ စင်စစ် နွေကာလသည် အဆုံးသတ်ရန် တစ်စထက်တစ်စ နီးကပ်လာချေပြီ။ နွေ၏ အရိပ်လက္ခဏာများအကြားမှာပင် မိုးရိပ်မိုးဆင်များကို မြင်လာရသည်။ သင်္ကြန်တုန်းကဆိုလျှင် လက်ဆေးမိုးပင် ရွာမလိုလိုရှိခဲ့သေးသည်။ ရွာကားမရွာဖြစ်ခဲ့။ ရုံခါတွင် ကြည်လင်ပြာလဲ့သော ကောင်းကင်မှာ တိမ်သားတို့ ရွှေ့လျားဖြန့်ကြက်သွားသည်ကို တွေ့ရတတ်သည်။ နွေဥတုနေရာ၌ မိုးဥတုက အစားဝင်လိုလျက်ရှိကြောင်း မြင်ရသည်။

ခင်ခင်ကြီးသည် တစ်စထက်တစ်စ အားလျော့လာသည်။ များစွာ မဝေးတော့သောကာလတွင် ကျောင်းများ ပြန်ဖွင့်လေတော့မည်။ သည်နှစ် နွေရာသီ ကျောင်းပိတ်ရက်၌ မောင်မောင်ဦး မြို့သို့ ပြန်မှလာပါဦးမည်လား မပြောတတ်။ ပြန်မလာဘူးဆိုသည့်တိုင် မိမိအား သည်အထိ လျစ်လျူရှုဖို့မကောင်း ထင်သည်။ အနည်းဆုံး ပြန်မလာဖြစ်သည့်အကြောင်းလောက်ကိုတော့ စာရေးဖို့ ကောင်းသည်။ အသိပေးဖို့ကောင်းသည်။ သူ ဘယ်တွင်ရှိ၍ ဘာလုပ်နေသည် ဆိုခြင်းလောက်တော့ သိချင်သည်။ သူနှင့်စပ်လျဉ်း၍ ဘာတစ်ခုမျှ မသိရဆိုတော့လည်း ရင်မှာ မောရလွန်းပါဘိ။

ခင်ခင်ကြီးတို့၏ စာမေးပွဲအောင်စာရင်းများထွက်ရက် နီးကပ်လာပြီဟု သိရသည်။ ယင်းသတင်းကို ခင်ခင်ကြီး၏ သူငယ်ချင်းမက အိမ်တိုင်ရာရောက် လာပြောသွားသည်။ တစ်ဆက်တည်းမှာပင် ခင်ခင်ကြီး၏အကြောင်းကို စပ်စုသွားချေသေးသည်။ ယခုအခါတွင်တော့ သူမအား ခင်ခင်ကြီးက အလုံးစုံကို ပြောပြထားခဲ့ပြီး ဖြစ်သည်။

"ဒါဖြင့်ရင်လည်း သူ့အိမ်ကို သွားမေးကြည့်ပါလား"

သူငယ်ချင်းက တိုက်တွန်းသည်။

"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ"

"တစ်မျိုးတစ်မည်တွေ ထင်သွားကြမှာစိုးလို့ပါ"

"အိုအေ၊ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ မဖြစ်တော့ဘူးဆိုတဲ့ စကားလိုပေါ့။ ဒီဘဝရောက်မှတော့ ဘယ်သူက ဘာထင်ထင်ပေါ့ "

ယင်းသို့သော အားပေးစကားကို ခင်ခင်ကြီး ကြားယောင်လာသည်။

ပြတင်းပေါက်မှာထိုင်လျက် ပူလောင်ပြင်းပြသော အပြင်းအလျာကို ကြည့်နေရင်းမှပင် ယင်းစကားများကို သတိရမိသည်။ တစ်ဆက်တည်းမှာပင် မောင်မောင်ဦး၏အကြောင်းကို သိလိုစိတ် ပြင်းထန်လာသည်။ ဘာပဲပြောပြော သူ့အိမ်သို့ သွားရောက်စုံစမ်းမည်ဟု ခင်ခင်ကြီး သန္နိဋ္ဌာန်ချလိုက်သည်။ ခင်ခင်ကြီးတွင် ယင်းသို့ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် အားတက်ရသောအကြောင်း ရှိသည်။ ၎င်းမှာ မောင်မောင်ဦး ပြောဖူးသောစကားအရ ဖြစ်သည်။ ဆွေနီးမျိုးစပ်တော်သည်ဟု မောင်မောင်ဦး ပြောခဲ့ဖူးသည်။

ခင်ခင်ကြီးသည် အဝတ်အစားလဲလှယ်ဝတ်ဆင်သည်။ ထို့နောက် သူ၏ အခန်းအပြင်သို့ ထွက်ခဲ့သည်။ အိမ်ကြီးမှ တစပြင်ပမာ တိတ်ဆိတ်နေသည်။ ဖေဖေသည် အလုပ်ရှိရာသို့ သွားချေပြီ။ ဘွားဘွားနှင့်မေမေတို့ အိပ်နေကြသည် ထင်ရသည်။ မလုံးတင်နှင့် မလုံးရှင်တို့၏ အရိပ်အသွင်ကိုလည်း မမြင်ရ။ ဦးလေးကိုထွန်းခင်ကတော့ ဖေဖေနှင့်အတူ ပါသွားသည်ဟု ထင်ရသည်။

ခင်ခင်ကြီးသည် အိမ်အပြင်သို့ တိတ်တဆိတ်ပင် ထွက်ခွာသွားရန် အကြံရသည်။ အကယ်၍ မေမေတို့ ဘွားဘွားတို့ ထံမှာ အခွင့်တောင်းနေပါက သံသရာရှည်မည်။ မေးလားစမ်းလား လုပ်မည်။ အပြင်ထွက်ခွင့် ပြုချင်မှ ပြုပေလိမ့်မည်။ သည်အတိုင်း မသိလိုက်ဘာသာ ထွက်သွားခြင်းက ပို၍ကောင်းလိမ့်မည်ဟု တွေးမိသည်။

သို့နှင့်ပင် ခင်ခင်ကြီးသည် အိမ်မှ တိတ်တဆိတ် ထွက်ခဲ့သည်။ အိမ်နှင့် အတော်ချည်း ဝေးလံသည့်နေရာသို့ ရောက်ရသည့်တိုင် စိတ်ချနိုင်သေးသည်ကားမဟုတ်။ နောက်မှ လှမ်းခေါ်လိုက်လေမလားဟု စိတ်တထင့်ထင့်နှင့်။ ခေါ်သံကိုမကြားရ။ လှမ်းခေါ်သည့်တိုင် မကြားနိုင်တော့ပြီဖြစ်သော နေရာသို့ရောက်မှ သက်ပြင်းရှိုက်မိသည်။

တစ်နေရာသို့အရောက်တွင် ခင်ခင်ကြီး မြင်းရထားတစ်စီး မောင်းလာသည်ကို တွေ့ရသည်။ ခရီးသည်မပါ။ သို့ဖြင့် တားဆီးလျက် တက်ရောက်စီးနင်းလိုက်သည်။ ရွှေဘုံသာရပ်ကွက်သို့ ပို့ရန်ပြောရသည်။

မောင်မောင်ဦးတို့ ရွှေဘုံသာမှာနေကြောင်းလောက်ကိုသာ ခင်ခင်ကြီးသိသည်။ အိမ်အမှတ် စသည်တို့ကို သိရသည်ကားမဟုတ်ပေ။ ထို့ကြောင့် ယင်းရပ်ကွက်သို့ ရောက်ပြီဆိုလျှင် မေးရမြန်းရ စုံစမ်းရသည်။

ယင်းရပ်ကွက်တွင် ဦးကောင်းမိုး၊ ဒေါ်သူဇာဆိုလျှင် လူတကာကပင် သိကြသည်။ သူတို့၏အိမ်ကို ပြည့္ပြနိုင်သည်။ ခင်ခင်ကြီးသည် အခက်အခဲမရှိဘဲ မောင်မောင်ဦးတို့အိမ်သို့ ရောက်သည်။

မြင်းရထားမောင်းသူကို ပြောရသည်။

"ကျွန်မ အခုပဲ ပြန်လာမယ်၊ ခဏစောင့်ပါနော်"

"မစောင့်နိုင်ဘူး သူငယ်မ။ ရထားသိမ်းပြီ။ အခုဟာတောင် အားနာလို့ လိုက်ပို့တာ"

သို့ဖြင့် ခင်ခင်ကြီးသည် ရထားကို ပြန်လွှတ်လိုက်ရသည်။

အိမ်ကြီးဘက်သို့ လှည့်လိုက်မိလေလျှင် ရင်မှာ အခုန်ရသားပါကလား။ တကယ် တမ်းပြောမည်ဆိုပါက ခင်ခင်ကြီးသည် မောင်မောင်ဦးနှင့်သာ လက်ပွန်းတတီးရှိခဲ့သည်။ သူ၏မိဘများကိုကား မြင်ဖူးရုံမျှသာ မြင်ဖူးသည်။ စကားတစ်ခွန်းတလေပင် ဆိုဖူးသည်မဟုတ်။ သည်တော့လည်း ထိုသူများနှင့် မျက်နှာချင်းဆိုင်ဖို့အရေးကို ဝန်လေးသည်။

သို့ပေမဲ့ မတတ်သာချေပြီ၊ အိမ်ကြီးဆီသို့ လေးလံစွာ လျှောက်လာခဲ့သည်။

အိမ်၏ အသွင်သဏ္ဌာန်ကို မြင်ရသည်။ အိမ်မှာ လူနေအိမ်တစ်လုံးထက် အိမ်ပျက်ကြီးတစ်လုံးနှင့် တူနေသည်ဟု ခင်ခင်ကြီး ထင်သည်။ မွဲညစ်ခြောက်သွေ့ကာ ပျက်စီးယိုယွင်းခြင်းများ ပြည့်နှက်လျက်ရှိသည်။ အိမ်အတွင်းမှာ လူသူအရိပ်အယောင်ကို မမြင်ရဘဲရှိလေလျှင် ခင်ခင်ကြီးစိတ်ပျက်ရသေးသည်။ သို့ပေမဲ့ တံခါးများကို အကုန်အစင် ဖွင့်ထားလေရာ အတွင်းမှာ လူရှိပုံရသည်။

ခင်ခင်ကြီးသည် ဦးကောင်းမိုး၊ ဒေါ်သူဇာတို့နှင့်တွေ့လျှင် ပြောရမည့် စကားကို စဉ်းစားထားသည်။ စကားလုံးများကို ရွေးချယ်ထားသည်။ ယင်းစကားလုံးများကို စဉ်းစားရင်း အိမ်ကြီးဆီသို့ တရွေ့ရွေ့လျှောက်ခဲ့သည်။

အိမ်ဆင်ဝင်အောက်သို့ ရောက်ရသည်။ ထိုနေရာမှနေကာ ဧည့်ခန်းဆီသို့ လှမ်းကြည့်လိုက်သည်။ အလင်းရောင်အောက်မှလာကာ အမှောင်အတွင်းသို့ ဖြုန်းခနဲ လှမ်းကြည့်မိသည်ဖြစ်၍ မျက်စိများပြာပြီး ဘာတစ်ခုမျှမမြင်ရ။ အမှောင်နှင့် မျက်စိတို့ ကျင့်သားရလာမှပင် ဧည့်ခန်း၌ လူတစ်ယောက်ရှိနေကြောင်း တွေ့ရသည်။ ယင်းပုဂ္ဂိုလ်သည် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ရင်ပတ်ပေါ်မှာ စာတစ်အုပ်တင်ပြီး အသက်ရှူမှန်မှန်နှင့် အိပ်ပျော်နေသည်။ သူကား ဦးကောင်းမိုး။

အိမ်အတွင်းတွင် အခြားမည်သူမျှမရှိ။ လှုပ်ရှားမှုသဲ့သဲ့ကိုသော်မျှ မမြင်ရ။ ခင်ခင်ကြီးသည် ချောင်းသံပေးရသည်။ သို့တိုင်အောင် အိပ်နေသူက နိုးမလာခဲ့။ ခင်ခင်ကြီးမှာ မချင့်မရဲ ဖြစ်ရသည်။ စိတ်ပျက်လက်ပျက် ဖြစ်ရသည်။ လှည့်ပြန်ရန် စိတ်ကူးပေါ်မိသည်။

ပြန်တော့အံ့ဟု ကိုယ်ကိုလှည့်လိုက်ချိန်တွင် အိမ်၏ ဧည့်ခန်းဆီသို့ မီးဖိုခန်းမှာ ကူးလာဟန်တူသော လူတစ်ယောက်နှင့် ပက်ပင်းတိုးမိသည်။ ထိုသူသည် ခင်ခင်ကြီးအား လှမ်း၍ လက်ပြသည်။ တံခါးပေါက်သို့ လျှောက်လာသည်။ သူ၏ အသွင်အပြင်ကြောင့် အစေခံတစ်ယောက်ဖြစ်ရမည်ဟု ချက်ချင်းသိလိုက်သည်။

"ဘာကိစ္စလဲ။ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ထိုသူက မေးသည်။ သူ၏အသံမှာ မာဆတ်ဆတ်နိုင်လှလေရာ ခင်ခင်ကြီးမှာ မကြောက်မိစေရန် စိတ်ကို မနည်းပင် ထိန်းထားရသည်။

"ကျွန်မ ကိုမောင်မောင်ဦးနဲ့ တွေ့ချင်လို့ပါရှင်"

ခင်ခင်ကြီးသည် မျက်နှာကို တတ်နိုင်သမျှ အချိုသာဆုံးထားကာ အဖြေပေးလိုက်သည်။

"မောင်မောင်ဦး မရှိဘူးကွယ့်၊ ဒီနှစ် ကျောင်းပိတ်ရက်မှာ မြို့ကို ပြန်မှလာပါ့မလားမသိဘူး"

ယင်းအချိန်တွင် ဦးကောင်းမိုးသည် အသံများကြောင့် အိပ်ရာမှနိုးလာသည်။ သူသည် ခင်ခင်ကြီးအား ရုတ်တရက် မမြင်။

"ဘာလဲဟေ့ ဖိုးအောင်" အစေခံလိုလူအား လှမ်းမေးသည်။

"မိန်းကလေးတစ်ယောက်ရယ်၊ မောင်မောင်ဦးကို လာမေးနေတယ်"

"ဟေ၊ ဘယ်ကမိန်းကလေးလဲကွ"

**ဆက်လက်ဖော်ပြပါမည်။**

**နွေသည် အဆုံးစွန်သော ပူပြင်းခြောက်သွေ့သည့်လက္ခဏာများကို ပြလာသည်။**
**စင်စစ် နွေကာလသည် အဆုံးသတ်ရန် တစ်စထက်တစ်စ နီးကပ်လာချေပြီ။**
**နွေ၏အရိပ်လက္ခဏာများအကြားမှာပင် မိုးရိပ် မိုးဆင်များကို မြင်လာရသည်။**
**သင်္ကြန်တုန်းကဆိုလျှင် လက်ဆေးမိုးပင် ရွာမလိုလိုရှိခဲ့သေးသည်။ ရွာကားမရွာဖြစ်ခဲ့။**
**ရုံခါတွင် ကြည်လင်ပြာလဲ့သောကောင်းကင်မှာ တိမ်သားတို့ ရွှေ့လျားဖြန့်ကြက်သွားသည်ကို**
**တွေ့ရတတ်သည်။ နွေဥတုနေရာ၌ မိုးဥတုက အစားဝင်လို . . .**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

**နန္ဒာသိန်းဇံ**

**(ယခင်အပတ်မှအဆက်)**

ဒါနဲ့ ဆိုခဲ့တဲ့ငုံးလေးကို မုဆိုးက ဖမ်းသွားပြီး အိမ်ရောက်တော့ အခြားငုံးတွေနဲ့အတူ လှောင်ချိုင့်ထဲ ထည့်လိုက်တယ်။ မုဆိုးက လှောင်ချိုင့်ထဲက ငုံးတွေကို အစာကောင်းကောင်း ကျွေးတယ်။ ကောင်းကောင်း အစာကျွေးတာကလည်း ငုံးလေးတွေ ဝဝလှလှလေးတွေ ဖြစ်လာအောင်လို့ပဲ။ ဝဝလှလှ စားချင်စဖွယ်လေးတွေ ဖြစ်လာမှလည်း ငုံးဝယ်လာသူတွေ မျက်စိကျပြီး ဝယ်ချင်မှာကိုး။

လှောင်ချိုင့်ထဲရောက်တဲ့ ငုံးတိုင်းဟာ တစ်ချိန်ချိန်မှာတော့ ငုံးသားစားချင်လို့ လာဝယ်သူတွေရဲ့ လက်ထဲမှာ သေရမှာအမှန်ပဲ။ ငုံးတိုင်းဟာ မလွဲမသွေရောက်လာမယ့် သေခြင်းတရားကို လှောင်ချိုင့်ထဲကနေပြီး စောင့်ဆိုင်းနေရတာနဲ့ မခြားဘူး။ ဆိုခဲ့တဲ့ ငုံးလေးဟာ သေရမယ့်ဘေးကို မြင်တယ်၊ ဒါပေမဲ့ တခြားငုံးတွေလို အကြမ်းဖက်ပြီး လွတ်အောင်မရုန်းဘူး။ ရုန်းလဲမရနိုင်ဘူးဆိုတာ သူသိတယ်။ အကြမ်းဖက်တဲ့ငုံးတွေဟာ အတင်းကာရော ရုန်းကြကန်ကြနဲ့ အတောင်ကျိုး၊ နှုတ်သီးကျိုးတွေဖြစ်ပြီး အဆုံးမှာ မောပန်းသေကြတာပဲ။ ခိုင်ခံ့တဲ့လှောင်အိမ်ထဲကနေပြီး ဒီလိုအကြမ်းဖက်တဲ့နည်းနဲ့ ဘယ်လွတ်နိုင်ပါမလဲ။ ပြီးတော့ သေဘေးကို မမြော်မတွေးကြတဲ့ တခြားငုံးတွေလိုလဲ သူက မေ့မေ့လျော့လျော့ မနေဘူး။ သေဘေးကို မမြော်မတွေးမိကြတဲ့ငုံးတွေဟာ မုဆိုးကျွေးသမျှ နင်းစားပြီး ပျော်နေကြသေးတယ်။ ပြီးတော့ ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး တခြားငုံးတွေလိုလဲ သူက ကံကို ပုံချပြီး စိတ်ပျက်လက်ပျက်ဖြစ်မနေဘူး။ သူက စိတ်ခိုင်ခိုင်နဲ့ သေခြင်းတရားက ဘယ်လိုလွတ်နိုင်ပါမလဲလို့ အကြံထုတ်တယ်။ နည်းလမ်းရှာတယ်။ ရှာရင်းက အကြံတစ်ခုရလာတယ်။ ဒီအကြံနဲ့ သူက မုဆိုးကျွေးလာတဲ့ အစာကို နည်းနည်းကလေး မသေရုံကလေးဘဲ စားနေတယ်။ အစာကို နည်းနည်းပဲ စားတော့ သူ့ခန္ဓာကိုယ်ကလေးက ပိန်လာတယ်။ ချည့်ချည့်နဲ့နဲ့ကလေး ဖြစ်လာတယ်။

ဒီလို ပိန်ပိန်ချည့်ချည့်လေးဆိုတော့ ငုံးဝယ်လာသူတွေက သူ့ကို မျက်စိမကျဘူး၊ မဝယ်လိုကြဘူး။ ဘယ်သူမှမဝယ်ကြလို့ ကျန်နေတာပဲ သူ့အတွက် အခွင့်ကောင်းရနေတယ်၊ အကြံထုတ်ချိန် စဉ်းစားချိန် ပိုရနေတယ်။

ဒါနဲ့ နောက်ဆုံး တခြားငုံးတွေကုန်လို့ သူတစ်ကောင်တည်း ကုပ်ကုပ်ကလေးကျန်နေတော့ မုဆိုးက "ဒီငုံးလေးဟာ အစာကျွေးပါလျက်နဲ့ ဝမလာဘဲ ကုပ်ကုပ်လေး ဖြစ်နေတာဟာ ရောဂါတစ်ခုခုရှိနေလို့ထင်တယ်"လို့ တွေးပြီး ငုံးလေးကို လှောင်အိမ်ထဲကထုတ်၊ သူ့လက်ဝါးပေါ်တင်ပြီး ငုံးလေးမှာ ဘာရောဂါများရှိသလဲလို့ စုံစမ်းတယ်။ မုဆိုးက ဒီလောက်ချည့်နဲ့နေတဲ့ ငုံးလေးဟာ ချက်ချင်းတော့ ပျံနိုင်လိမ့်မယ်လို့ မထင်ဘူး။ ဒါကြောင့် သတိလဲသိပ်မထားဘူး။ ဒါပေမဲ့ ငုံးလေးကတော့ အကြံနဲ့ဆိုတော့ မုဆိုး သတိမထားဘဲ လက်ဝါးပေါ်တင်ကြည့်နေခိုက်မှာ ဖြုတ်ဆို ပျံထွက်သွားတယ်။ ဆက်ပြီး သူ့အပေါင်းအဖော် ငုံးတွေ့ရှိရာ တောထဲအရောက် ပျံသွားတယ်။ ဒီနည်းနဲ့ သေရမယ့် ဒုက္ခအန္တရာယ်ကနေပြီး ငုံးလေးဟာ လွတ်သွားခဲ့ရတယ်။ တကယ်လို့သာ ငုံးကလေးဟာ ကံအတိုင်းပဲဆိုပြီး စိတ်ဓာတ်ကျနေရင် အခုလို အသက်ဘေးက လွတ်မှာမဟုတ်ဘူး။ အကြမ်းဖက်ပြီး လှောင်အိမ်ထဲက ရုန်းကန်ပြီး ထွက်နေရင်လည်း ပင်ပန်းပြီးသေဖို့သာရှိမယ်။ ဒါမှမဟုတ် မုဆိုးက "ဒီလောက်တောင် ရုန်းကန်နေရလား"လို့ ဒေါသဖြစ်ပြီး သတ်လိုက်ရင်လည်း သေသွားနိုင်တယ်။

သူ့မိတ်ဆွေ ငုံးတွေဆီ ပြန်ရောက်တော့ မိတ်ဆွေငုံးတွေက မေးကြတယ်။ ဘယ်ရောက် ဘယ်ပျောက်ပြီး ဘာတွေဖြစ်ခဲ့သလဲပေါ့။ ဒီတော့ ငုံးလေးက သူ့အဖြစ်ကို အစမှအဆုံးတိုင် ပြန်ပြောပြီး သူဘဝမှာရခဲ့တဲ့ သင်ခန်းစာကိုလဲ ပေးလိုက်ပါတယ်။

"အဆွေတို့... မကြံစည် မတွေးခေါ်သူ (အခြေအနေတွေကို မသုံးသပ်မဆင်ခြင် မရှုမြင်တတ်သူ) ဟာ အကျိုးထူးကိုမရဘူး။ ငါ့အဖြစ်ကို သင်တို့ကြည့်ပါ။ ကြံစည်စိတ်ကူးခြင်း၊ အခြေအနေတွေကို မြော်ခေါ် ဆင်ခြင်တတ်ခြင်းကြောင့် မလွဲမသွေကြုံရမယ့် သေဘေးလို ဒုက္ခအန္တရာယ်မျိုးကတောင် ငါလွတ်မြောက်ခဲ့ရတယ်"တဲ့။ ဘဝခရီးမှာ ဉာဏ်အမြော်အမြင်ရှိဖို့ သိပ်အရေးကြီးတယ်လို့ ယူဆရမှာပဲ။ တစ်နည်းဆိုရရင် အတွေးအမြင် ဒဿနဟာ အရေးကြီးတယ်လို့ ဆိုရမှာပဲ။

အခက်အခဲတွေကို ကြုံလာတဲ့အခါ အခြေအနေကို မှန်မှန်ကန်ကန် မသုံးသပ်မရှုမြင်နိုင်ရင် ဘယ်လိုလုပ်သင့်တယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်ချက်မချနိုင်ဘူး။ တွေဝေနေနိုင်တယ်။

ဒီနေရာမှာ ဗုဒ္ဓစာပေက ကုဏ္ဍလကေသီလို့ ခေါ်တဲ့ အမျိုးသမီးတစ်ဦးရဲ့အဖြစ်ကို ပြောစရာရှိလာပါတယ်။

ဒီအမျိုးသမီးဟာ အင်မတန်ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦးရဲ့ သမီးဖြစ်ပါတယ်။ တစ်နေ့မှာ ဒီအမျိုးသမီးဟာ အိမ်ပြတင်းတံခါးက လမ်းဆီ မျှော်ကြည့်နေခိုက် ခိုးမှုကျူးလွန်တဲ့ သူခိုးတစ်ဦးကို သတ်ဖို့ မင်းချင်းယောကျ်ားတွေ ဆွဲထုတ်လာတာကို မြင်ရတယ်။ မင်းချင်းတွေဆွဲထုတ်လာတဲ့ ဒီသူခိုးကို မြင်လျှင် မြင်ချင်းပဲ ချစ်ခင်တပ်မက်တဲ့ စိတ်တွေ ဒီအမျိုးသမီးမှာ ပြင်းပြင်းထန်ထန် ဖြစ်လာတယ်။ ဒါနဲ့ သူ့ဖခင်သူဌေးကြီးကို သူဟာ ဒီသူခိုးအမျိုးသားနဲ့ အတူနေလိုကြောင်း၊ အတူမနေရရင် သူ့အသက်ကုန်ဖွယ်ရာရှိပါကြောင်း ပြောပြတယ်။ ဖခင် သူဌေးကြီးက အကြောင်းအမျိုးမျိုးပြပြီး သူ့သမီးရဲ့ဆန္ဒကို တားမြစ်တယ်။ မရပါဘူး၊ ဘယ်လိုမှ တားမရဘူး။ သမီးဖြစ်သူကလဲ သူခိုးအမျိုးသားနဲ့မှ မနေရလျှင် သေရပါတော့မယ်ဆိုတဲ့အမူအရာကို ပြနေတယ်။ ဒါနဲ့ သမီးကိုသိပ်ချစ်တော့ သမီးစိတ်ချမ်းသာရင်ပြီးရော ဆိုပြီး သူဌေးကြီးက သူခိုးကိုမသတ်ဘဲ လွှတ်ပေးဖို့ မင်းချင်းယောကျ်ားတွေကို လာဘ်ထိုးတယ်။ အဲဒီနောက် သူခိုးအမျိုးသားကို အိမ်ကိုခေါ်လာတယ်။ အိမ်ရောက်တော့ သမီးနဲ့ လက်ထပ်ပေးလိုက်တယ်။

သူခိုးယောကျ်ားဟာ သူဌေးသမီးနဲ့အတူနေလို့ မကြာခင်ဘဲ ငြီးငွေ့မှု ဖြစ်လာတယ်။ အရင်ကလို အပေါင်းအသင်းတွေနဲ့ သောက်သောက်စားစား ပျော်ပျော်ပါးပါး နေချင်လာတယ်။ ခိုးချင်တဲ့အကျင့်ကလည်း ပြန်ပေါ်လာတယ်။

တစ်နေ့မှာ သူခိုးယောကျ်ားက သူဌေးသမီးကို လိမ်လည်ပြီး "ရှင်မ ငါ့ကို မင်းချင်းတွေ ကြိုးနဲ့တုပ်နှောင်ပြီး ခေါ်လာစဉ်အခါက သူခိုးတွေကို ပစ်ချပြီးသတ်တဲ့ ချောက်ကို စောင့်တဲ့နတ်ကို ဗလိနတ်စာပူဇော်ပသပါ့မယ်လို့ ဝန်ခံခဲ့တယ်။ ဒီလိုဝန်ခံခဲ့လို့ပဲ ငါဟာ အသက်ဘေးက လွတ်ခဲ့တယ်။ အဲဒီနတ်ရဲ့တန်ခိုးကြောင့် သင်နဲ့ငါဟာ တွေ့ဆုံပေါင်းဖော်ရတယ်။ ဒါကြောင့် နတ်ကိုသွားပြီးတော့ ပူဇော်ရမယ်။ ပူဇော်ရအောင်သွားတဲ့အခါ အဖိုးအထိုက်တန်ဆုံး လက်ဝတ်ရတနာတွေကိုလဲဝတ်ခဲ့"လို့ သူခိုးယောကျ်ားက ပြောတယ်။ သူ့အကြံက တောင်ထိပ်ကိုရောက်ရင် အမျိုးသမီးရဲ့ လက်ဝတ်တန်ဆာတွေကိုယူပြီး ချောက်ထဲ တွန်းချသတ်မယ်၊ ပြီးတော့ သူသွားလိုရာကို သွားမယ်။ အဲဒီလိုကြံထားတယ်။ သူပြောတဲ့စကားကို အဟုတ်မှတ်ပြီး သူဌေးသမီးကလဲ သဘောတူလိုက်တယ်။

ဒါနဲ့အမျိုးသမီးက သူပြောတဲ့အတိုင်း သတ်မှတ်ထားတဲ့ရက်ရောက်တဲ့အခါမှာ တောင်စောင့်နတ်ပူဇော်ရအောင် အကောင်းဆုံး ဝတ်စားဆင်ယင် အခြွေအရံတွေကိုခေါ် ဗလိနတ်စာကိုယူပြီး သူခိုးယောကျ်ားနှင့်အတူ ထွက်လာခဲ့တယ်။ တောင်ခြေရင်းရောက်တော့ သူခိုးယောကျ်ားက အမျိုးသမီးကို "အခြွေအရံတွေကိုတောင်ခြေမှာထားခဲ့၊ တို့နှစ်ယောက်တည်း တောင်ထိပ်ကို တက်မှဖြစ်မယ်"လို့ ပြောတယ်။ နှစ်ယောက်တည်းသွားမှလဲ သူ့အကြံက ပြီးမြောက်မှာကိုး။ အမျိုးသမီးကလဲ သူ့လင်တော်မောင်စကားအတိုင်း သူ့အခြွေအရံတွေကို တောင်ခြေမှာပဲ နေခိုင်းခဲ့တယ်။ ဒီလိုနေခိုင်းခဲ့ပြီး နှစ်ယောက်တည်း တောင်ပေါ်တက်လာခဲ့ကြတယ်။

တောင်ထိပ်ရောက်တော့ ကြံထားတဲ့အတိုင်း သူခိုးယောကျ်ားက သူ့မယား သူဌေးသမီးကို "ကဲ လက်ဝတ်ရတနာတွေကိုချွတ်၊ နင့်ကို ငါသတ်ဖို့ ခေါ်လာတာပဲ"ဆိုပြီး လက်ဝတ်ရတနာတွေကို အတင်းချွတ်ခိုင်းတယ်။

တကယ်တော့ ဒီသူဌေးသမီးဟာ သူ့ရဲ့ အသက်သခင်ပဲ။ သူ့ရဲ့အသက်ကို ကယ်ခဲ့သူပဲ သူ့ကို အင်မတန်မှ ချစ်ခင်စွာနဲ့ ပေါင်းသင်းခဲ့သူပဲ။

ဒီတော့ သူ့ကို ဘယ်မျှချစ်ခဲ့ရကြောင်းပြောပြပြီး မသတ်ဖို့ သူဌေးသမီးက အမျိုးမျိုးတောင်းပန်တယ်။ ဒါပေမဲ့ ဘယ်လိုမှ မရဘူး။ ဘယ်လိုမှ မရနိုင်တော့တဲ့ အခြေအနေ မလွဲမသွေ အသတ်ခံရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

**စာရေးဆရာ နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်းစာအုပ်မှ စာရေးသူ မိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပျောက်ဆုံးနေသောရွှေကိုရှာပါ

**အောင်မြတ်စည်သူ**


ကျွန်တော်ပျော်ရွှင်နေသောအခါတွင် တစ်ပါးသူတို့ ပျော်ရွှင်မှုကို ကျွန်တော်မြင်သည်။ ကျွန်တော်ကရုဏာစိတ်ရှိသောအခါတွင် တခြားသူတို့၏ ကရုဏာစိတ်ကို ကျွန်တော်မြင်သည်။ ကျွန်တော် စွမ်းအင်နှင့် မျှော်လင့်ခြင်း ပြည့်ဝနေသောအခါတွင် ကျွန်တော့်ဝန်းကျင်တစ်ခွင်တွင် အခွင့်အလမ်းများကို ကျွန်တော်မြင်သည်။

သို့သော် ကျွန်တော် ဒေါသဖြစ်နေသောအခါတွင် တစ်ပါးသူတို့ အသားလွတ်စိတ်တိုနေသည်ကို မြင်သည်။ ကျွန်တော် စိတ်ဓာတ်ကျနေသောအခါ တခြားသူတို့၏ မျက်လုံးများတွင် ဝမ်းနည်းရိပ်ကို ကျွန်တော် သတိပြုမိသည်။ ကျွန်တော် ပင်ပန်းနွမ်းနယ်နေသောအခါတွင် လောကကြီးကို ငြီးငွေ့စရာ၊ ဆွဲဆောင်မှုကင်းမဲ့သောဌာနေအဖြစ် မြင်သည်။

ကျွန်တော်မည်သူဆိုသည်ကို ကျွန်တော်မြင်ခြင်းပင်တည်း။

ကျွန်တော် ဖီးနစ်မြို့သို့ ကားမောင်းဝင်သွားပြီး "ဒီနေရာဟာ တကယ် လူတွေပွတ်သိပ်၊ မြူခိုးတွေဆိုင်းနေတဲ့ စိတ်ညစ်စရာနေရာပဲ" ဟု ညည်းတွားခဲ့ပါလျှင် လတ်တလော ကျွန်တော်ကိုယ်၌က မွန်းကျပ်ထိုင်းမှိုင်း ညစ်ညူးနေသော အခြေအနေတွင်ရှိကြောင်း ဖော်ကျူးပြသခြင်းပင်ဖြစ်သည်။

ထိုနေ့တွင် ကျွန်တော် တက်တက်ကြွကြွရှိ၊ မျှော်လင့်ချက်များပြည့်၊ ပျော်ရွှင်ချမ်းမြေ့နေပါလျှင် ကျွန်တော်သည် ဖီးနစ်မြို့တွင်းသို့ ကားမောင်းဝင်သွားစဉ် "ဟ...ဒီနေရာလေးက အင်မတန် စည်ပင်နိုးကြားနေတဲ့ မြို့ပြကြီးပါလား"ဟု လွယ်ကူစွာပင် ဟစ်ကြွေးနိုင်ခဲ့ပေမည်။



ဤအကြိမ်တွင်လည်း ကျွန်တော်သည် ဖီးနစ်၏ မြေမျက်နှာပြင်အနေအထားကိုမဟုတ်၊ ကျွန်တော့်အတွင်းစိတ်၏ မြေမျက်နှာပြင်အနေအထားကို ဖော်ပြနေခြင်းဖြစ်ခဲ့ပေမည်။

ကျွန်တော်တို့ဘဝများ၏ အခြေအနေကို ကျွန်တော် ရွေးချယ်ရှုမြင်ပုံကြောင့်ပင်လျှင် ကျွန်တော်တို့၏စိတ်ခွန်အားတို့ ဒဏ်သင့်ရလေသည်။ ဤသည်မှာ အရာရာကို ကျွန်တော်တို့သည် ပကတိအနေအထားအရ မမြင်ဘဲ ကျွန်တော်တို့စိတ်နှင့်ယှဉ်လျက် ဝိရောဓိသဘာဝဖြင့် မြင်ခြင်းကြောင့်ပင်ဖြစ်သည်။

အခင်းအကျင်းတိုင်းတွင် ကျွန်တော်တို့သည် ရွှေကိုရှာနိုင်သည် သို့မဟုတ် အမှိုက်သရိုက်ကို ရှာနိုင်သည်။ ကျွန်တော်တို့ရှာသည့်အရာကို ကျွန်တော်တို့ တွေ့သည်ပင်။

ကိုယ့်စိတ်ကိုကိုယ် စေ့ဆော်ရေးအတွက် အကောင်းဆုံး တာထွက်မှတ်ကား ကျွန်တော်တို့ဝန်းကျင်တွင် တွေ့မြင်သည်တို့အတွင်းမှ မည်သည့်အရာကို ရွေးချယ်မှုပြုခြင်းပင်ဖြစ်သည်။ နေရာတကာမှ အခွင့်အလမ်းများကို ကျွန်တော်တို့ တွေ့ပါသလား။

"မနက် ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော် လောကကြီးနဲ့ ရင်ဆိုင်တွေ့ကြုံတာမဟုတ်ဘူး။ ဖြစ်နိုင်ကောင်းတဲ့ လောကတစ်သန်းနဲ့ ကြုံတွေ့ရတာပဲ"ဟု ကောလင်းဝီလ်ဆင်က ဆိုသည်။

အမြဲပင် ကျွန်တော်တို့ ရွေးချယ်ရာသာဖြစ်သည်။ ယနေ့ ကျွန်တော်တို့ မည်သည့်လောကကို မြင်လိုပါသနည်း။ အခွင့်အလမ်းသည် ဘဝ၏ ရွှေဖြစ်သည်။ ပျော်ရွှင်ရန်အတွက် ယင်းသာ သင်လိုအပ်သည်။ လူတစ်ယောက်အဖြစ် သင်ကြီးပြင်းရာသည် မြေဆီမြေနှစ်ကောင်းသော ယာခင်းပင် ဖြစ်သည်။ အခွင့်အလမ်းများသည် ကြည့်ရှုလေ့လာနေသူတစ်ဦးမြင်ကာမျှ တည်ရှိလာသော ထိုပရမာဏုမြူ ကွမ်တမ်ဓာတ်ပစ္စည်းများနှင့်တူသည်။ ယင်းတို့ကို သင် မြင်လိုက်မည်ဟု ရွေးချယ်မှုပြုသောအခါတွင် သင့်အခွင့်အလမ်းများ ဆပွားတိုးတက် များပြားလာမည်။

**(Ref: Find the lost Gold by Steve Chandler)**

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**အခွင့်အလမ်းကိုရအောင်ယူ**

လက်တစ်ကမ်းတွင်ရှိနေသော ကြီးပွားတိုးတက်ရေး အခွင့်အလမ်းကို ရအောင်ယူနိုင်ခြင်းသည် လူ့ဘဝ၏ ကြီးကျယ်သောပညာရပ်ဖြစ်သည်။

**ဆင်မြူရယ်ဂျွန်ဆင်(အင်္ဂလိပ်စာပေပညာရှင်)**

လူတိုင်းက ကြီးပွားချမ်းသာလိုကြသည်။ ကြီးပွားချမ်းသာမှုရရှိစေရန်လည်း ကြိုးစားနေကြသည်။ သို့တိုင် လူတိုင်းလူတိုင်း ကြီးပွားချမ်းသာနိုင်ကြပါသလား။ စဉ်းစားကြည့်လျှင် လူတိုင်း ကြီးပွားချမ်းသာခြင်းကို မရရှိကြသည်ကတော့ သေချာသည်။

အဘယ်ကြောင့်နည်း။

"ဘာကြောင့် လူတိုင်းမကြီးပွား၊ မချမ်းသာရတာလဲ"

ဤအမေးစကားကို သုံးလေးခေါက် အသံထွက်ရွတ်ဆိုကြည့်ပါ။ ငါးခေါက်၊ ဆယ်ခေါက် အသံထွက်ရွတ်ဆိုကြည့်လိုက်ပါ။ ခပ်ရေးရေး သိမြင်လာဘိသကဲ့သို့ ခံစားလာရမည်။

အဖြေကား ရှိပြီးသား။

ဆီလျော်သည့်အဖြေကား အရှင်းသားရှိနေပြီးဖြစ်သည်။

ကြီးပွားချမ်းသာမှုရရှိရန် ကြိုးစားကြသည်ကတော့ မှန်ပါသည်။ သို့သော် လူတိုင်းလူတိုင်း ကြီးပွားချမ်းသာမှုကို ရယူမပိုင်ဆိုင်နိုင်ကြသည်ကလည်း အမှန်ပင်ဖြစ်သည်။

လူတချို့သာ ကြီးပွားချမ်းသာကြသည်။

သို့ဆိုလျှင်

ကြီးပွားချမ်းသာစေသော နည်းလမ်းကား ရှိနေမည်ဖြစ်သည်။ ကြီးပွားချမ်းသာစေသော အဓိက သော့ချက်များကို လူတိုင်းသိလိုကြသည်။ သိလိုကြသဖြင့် လူတိုင်းရှာဖွေကြသည်။ လူတိုင်းရှာဖွေသော်လည်း လူတချို့သာတွေ့ရှိကြသည်။

ထို့ကြောင့် လူတချို့သာ ကြီးပွားချမ်းသာကြခြင်းဖြစ်သည်။

အဘယ်ကြောင့်နည်း။

"ဘာ့ကြောင့်များ ကြီးပွားချမ်းသာစေသော အဓိကသော့ချက်များကို လူတိုင်းရှာဖွေ မတွေ့ရှိကြတာလဲ"




ဤမေးခွန်းကိုလည်း ထပ်တလဲလဲ ရွတ်ဆိုကြည့်ပါ။ ဆယ်ခေါက်၊ ဆယ့်ငါးခေါက် အသံထွက်၍ ရွတ်ဆိုကြည့်လိုက်ပါ။

အဖြေကားရှင်း၏။

အဖြေကားလွယ်၏။

"လူပေါ်တွင်သာ မူတည်တယ်"

ယင်းအဖြေစကားမှာ ရိုး၏။ လွယ်၏ဟု အထင်ရောက်ပေမည်။

သို့သော် ထိုအဖြေစကားကို အဓိပ္ပာယ်ဖွင့်ဆိုရန်လိုသည်။ ထို့ကြောင့် ယင်းအဖြေစကားကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် အသံထွက်ပြီး ရွတ်ဆိုကြည့်လိုက်ပါ။ အကြိမ်ကြိမ် ရွတ်ဆိုကြည့်လိုက်လျှင် ကြီးပွားချမ်းသာရန် သေချာသောနည်းလမ်း၏ အဓိက သော့ချက်များကို ဦးနှောက်က အလင်းပြလာပေလိမ့်မည်။

အဓိကသော့ချက်များကို တွေ့ရှိ သိမြင်လာသည့်အခါ ကြီးပွားချမ်းသာနည်းဗျူဟာက အလွယ်ကလေးပါ။ သိရှိနေပြီးသားပါဟု ဦးနှောက်က အလိုလိုအဖြေပေးမှာသေချာသည်။

လူတိုင်း ကြီးပွားချမ်းသာရန် သေချာသောနည်းလမ်း၏ အဓိကသော့ချက် ကိုးခုရှိသည်။

၁။ ရိုးသားပါ။ ကြိုးစားပါ။ နိုးကြားပါ။ တက်ကြွမှုရှိပါစေ။

၂။ ဇွဲ၊ လုံ့လရှိပါ။ စည်းကမ်းရှိပါ။ ကတိသစ္စာတည်ပါစေ။

၃။ ရည်မှန်းချက်ပန်းတိုင်ရှိပါ။ ပန်းတိုင်ကို ရောက်ကိုရောက်ရမည်ဟု သတိအမြဲရှိပါစေ။

၄။ စိတ်ကောင်းထားပါ။ လူမှုဆက်ဆံရေး ကောင်းရှိပါစေ။

၅။ ငွေကို စနစ်တကျသုံးစွဲပါ။ ငွေဖြုန်းတီးမှု မဖြစ်စေရန် အသိ၊ သတိ ရှိပါစေ။

၆။ မိမိလုပ်ငန်းကို ကျွမ်းကျင်အောင်လေ့လာပါ။ အတတ်ပညာများ ဖြည့်ဆည်းမှုရှိပါစေ။

၇။ ကျန်းမာရေးကို အစဉ်ဂရုစိုက်ပါ။ ကျန်းမာရေးသတိ အမြဲရှိပါစေ။

၈။ မိတ်ဆွေကောင်းများနှင့် အကြံဉာဏ်ကောင်းရရှိစေရန် တိုင်ပင်ဆွေးနွေးပါ။ မှတ်သားမှုရှိပါစေ။

၉။ စာပေလေ့လာဖတ်ရှုပါ။ စာပေမှ အတွေးအမြင်ကောင်းများ ရယူမှုရှိပါစေ။

ယင်းအချက် ကိုးခုသည် ကြီးပွားချမ်းသာရေး၊ ဘဝတိုးတက်အောင်မြင်ရေးနှင့် ပတ်သက်သော ကမ္ဘာကျော် စီးပွားရေးပညာရှင်များ၊ အောင်မြင်ရေးလမ်းညွှန်များ ရေးသားမှတ်တမ်းတင်ကြသည့် ကမ္ဘာကျော် စာရေးဆရာများ၏ အဆိုအမိန့်မှတ်တမ်းမှတ်ရာ၊ ပြုစုရေးသားရာစာအုပ်များ၏ အနှစ်ချုပ်ပင်ဖြစ်သည်။

ထိုအချက်များကို ယနေ့ ကြီးပွားချမ်းသာနေသူတို့ စနစ်တကျ လိုက်နာကျင့်ကြံခဲ့ကြသည်မှာ သေချာသည်။

လူငယ်များ တိုးတက်ကြီးပွားအောင်မြင်ရေး စာအုပ်များထွက်ရှိလာခြင်းသည် ကောင်းပါသည်။ ထိုစာအုပ်များတွင်ပါဝင်သော အချက်အလက်များကို ကောက်နုတ်ကြည့်သောအခါ ယေဘုယျလက္ခဏာများသည် တစ်သဘောတည်း ဖြစ်ကြသည်ဟု သတင်းစာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ၊ စာပေထုတ်ဝေသူဖြစ်သော ဆရာ မောင်ကောင်းမြင့်က ၁၉၉၆ ခုနှစ် စက်တင်ဘာလထုတ် အတွေးအမြင်စာစောင်၌ ရေးခဲ့ဖူးသည်။

အဆိုပါ ကြီးပွားချမ်းသာရေးအဓိကသော့ချက်များသည် လူတိုင်း၏စိတ်နှလုံးတွင် ကိန်းအောင်းတည်ရှိနေပြီးသားဖြစ်သည်။

သိရှိနေပြီးသားလည်းဖြစ်သည်။

စတင်လိုက်နာ ကျင့်သုံးရန်သာလိုသည်။

ယနေ့ပင် စတင်လိုက်နာ ကျင့်သုံးကြည့်လိုက်ပါ။ အဓိကသော့ချက်တစ်ခုချင်းကို သေချာလေ့လာပြီး မိမိ၏ပြင်းပြသော စိတ်ဆန္ဒဖြင့် အကောင်အထည်ဖော် ကျင့်ကြံကြိုးစားလိုက်ပါက ကြီးပွားချမ်းသာလာမည်မှာ သေချာသည်။

လူတိုင်းလူတိုင်းကြီးပွားချမ်းသာရန် သေချာသောနည်းလမ်း ကိုးသွယ်ကို အဓိကကြိုးစားလိုက်နာ လုပ်ဆောင်ရမည်က မိမိကိုယ်တိုင်ပင်။ မိမိ၏စိတ်ဆန္ဒအရ မိမိ၏ကြိုးစားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယအစွမ်းရှိသလောက်အပေါ်တွင်သာ မူတည်နေပေသည်။

ထို့ကြောင့်

ယင်းစည်းမျဉ်းများကို လိုက်နာပါ။

ကျင့်ကြံပါ။

ကြိုးစားအားထုတ်ပါ။

အောင်မြင်ကြီးပွားမှုက လက်တစ်ကမ်းမှာပါ။

သို့ဖြစ်၍ လက်တစ်ကမ်းတွင်ရှိနေသော ကြီးပွားတိုးတက်ရေးအခွင့်အလမ်းကို ရအောင်ယူနိုင်ခြင်းသည် လူ့ဘဝ၏ကြီးကျယ်သောပညာရပ်ဖြစ်ကြောင်း အင်္ဂလိပ်စာပေ ပညာရှင် ဆင်မြူရယ်ဂျွန်ဆင်က အခိုင်အမာ ပြောဆိုထားခြင်းဖြစ်သည်။ ။

# ဘဝအောင်မြင်ရေးလမ်းညွှန်

ကောင်းပြည့်စုံ

**ယုံကြည်မှု**

"ယုံကြည်မှု"ဆိုသည်တွင် တစ်ပါးသူက မိမိကို ယုံကြည်မှုရှိလာအောင် ကြိုးစားရမည်ဟုမဆိုလို။ မိမိကိုယ်ကိုသာမိမိ ယုံကြည်ရမည်ဟု ဆိုလိုပါသည်။

မိမိကိုယ်မိမိ မယုံကြည်သူအား အခြားတစ်ပါးသူများက ယုံကြည်ရန် မျှော်လင့်၍မရပေ။

"ငါသည် ဤအခက်အခဲများကို ကျော်လွှန်နိုင်ရမည်"

"ဤအဆင့်သို့ ငါရောက်ရမည်" "ငါကား ကြီးပွားအံ့မချွတ်"

စသည့်စိတ်ထားများ ရှိရမည်။

လူတိုင်းတွင် စွမ်းရည်များရှိသည်။ ထိုစွမ်းရည်များသည် မိမိကိုယ်မိမိ အထင်ကြီးစိတ်နှင့် ရောထွေးနေသည်။

ထိုအထင်ကြီးစိတ်ကို စနစ်တကျကွပ်ကဲထိန်းသိမ်းလိုက်ပါက တိမ်ငုပ်နေသောစွမ်းရည်များ ပေါ်လာကာ အံ့မခန်းသော လုပ်ဆောင်ချက်များ ပေါ်လာသည်။

အင်ဒရူးကာနယ်ဂျီသည် အလွန်ဆင်းရဲသောဘဝမှ ကမ္ဘာကျော်ကုဋေကြွယ်သူဌေးကြီး ဖြစ်လာခဲ့သည်။ ငွေကြေးအလွန်ချမ်းသာလာသောအခါ လူမှုရေးကိစ္စများကို ဆောင်ရွက်ခဲ့သည်။ သူသည် လူ့သဘောကို နားလည်သော လူတစ်ယောက်ဖြစ်သည်။

လူတို့၏အတ္တစိတ်ကိုနှိုးဆွ၍ငယ်စဉ်က ယုန်ကလေးများ၏အစာကို ရှာနိုင်ခဲ့သည်။

ပင်စီဘေးနီးယား မီးရထားကုမ္ပဏီဥက္ကဋ္ဌ ဂျေ၊ အဂ္ဂါ၊ သော်မဆင်အားလည်း သူ၏အတွင်းစိတ်မှ အထင်ကြီးမှုပွင့်လင်းလာစေပြီး မိမိ၏ မီးရထားသံလမ်းများကို ရောင်းချခဲ့လေသည်။

အင်ဒရူးကာနယ်ဂျီကား လူ့သဘောကို ကောင်းစွာသိခဲ့လေသည်။ အောက်ပါ သူ၏ရေးသားချက်ကို ကြည့်ပါ။

"ကျွန်ုပ်ဘဝ၏အောင်မြင်မှုများသည် ကျွန်ုပ်ကိုယ်တိုင်၏ အသိပညာနှင့် လုပ်ဆောင်ချက်သက်သက်တို့ကြောင့် ရရှိခဲ့ခြင်း မဟုတ်ဘဲ ကျွန်ုပ်ထက်ပို၍ တတ်သိနားလည်သူတို့ကို သိမြင်ရွေးချယ်နိုင်ခဲ့သည့် စွမ်းရည်ကြောင့်ဟု ဆိုချင်ပါသည်။ ဤအသိစွမ်းရည်မှာ လူတိုင်းအတွက်တန်ဖိုးအနန္တ ထိုက်တန်သည့် အရည်အချင်းတစ်ခုဖြစ်ပါသည်။ ရေနွေးငွေ့စက်မှုအတတ်ကို ကျွန်ုပ်နားမလည်ပါ။ သို့ရာတွင် ထိုထက်များစွာပိုမိုရှုပ်ထွေးသည့် စက်အစိတ်အပိုင်းတစ်ခုကို နားလည်တတ်သိရန် ကျွန်ုပ်ကြိုးပမ်းခဲ့ပါသည်။ ထိုရှုပ်ထွေးသော စက်ကား "လူ"ပင်တည်း"။

လူသည် အတ္တဆန်သည်။ မိမိကိုယ်မိမိ ထင်ပေါ်လိုသည်။ ထိုကဲ့သို့သော လူ၏အထာသဘာဝ "အညှာ"ကိုသိသူသည် ခေါင်းဆောင်ဖြစ်လာရပေမည်။

ထို့ကြောင့်ပင် ထူးခြားသောအဆောက်အအုံကြီးများ၊ တံတားကြီးများ ပေါ်ပေါက်လာသည်။ လူတို့သည် အသက်ထင်ရှားရှိနေစဉ်တွင် ထင်ပေါ်လိုကြသည်သာမက ကွယ်လွန်ပြီးသောအခါ၌လည်း "အမှတ်တရ" ကျန်ရစ်စေချင်ကြသည်။

သို့ဖြစ်သောကြောင့် ငွေကြေးအမြောက်အမြား အကုန်ခံ၍ တည်ဆောက်ခဲ့ကြခြင်း၊ စာတန်းထိုးခဲ့ကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့် "ငါလုပ်လျှင်ဖြစ်ရမည်"ဟူသော ယုံကြည်ချက် ပြင်းထန်ရပေမည်။

ထိုယုံကြည်ချက်သည် မိမိကိုယ်မိမိ အထင်ကြီးစိတ်နှင့်ပူးပေါင်းပြီး စစ်မှန်သော လမ်းညွှန်မှုကို ယူလိုက်ပါက အံ့မခန်းသောစွမ်းရည်များ ပေါ်ပေါက်လာနိုင်ပါသည်။ ။

# သီပေါမြို့နယ်၌ (၁၀၁) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




**သီပေါ နိုဝင်ဘာ ၁**

(၁၀၁) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဆွေးနွေးပွဲကို သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲ အစီအစဉ်အရ သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီလာစိုးက အမှာစကားပြောကြားပြီး မြို့နယ်စာပေမြတ်နိုးသူများအဖွဲ့ စာပေဘုတ်ကလာပ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မြန်မာနိုင်ငံ၏ သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းများကို အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

၂၁၀

# ကူမဲမြို့ ကင်းတားဘက်စုံရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

**ကျောက်ဆည် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင် ကူမဲ ငါးလုပ်ငန်းစခန်းမှ မြစ်ချောင်းအင်းအိုင် ဆည်တမံများအတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးအတွက် အောက်တိုဘာ ၃၁ ရက်တွင် ကင်းတားဘက်စုံရေလှောင်တမံအတွင်းသို့ နှစ်လက်မ အရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ သုံးသိန်းအား မျိုးစိုက်ထည့်ပေးခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂)ဦးအောင်သူ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့် ခရိုင်ငါးလုပ်ငန်း ဝန်ထမ်းများ၊ မြစ်သားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ ကူမဲမြို့ အုပ်ချုပ်ရေးမှူး ဦးနေလင်းထက်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးတင်ထွန်းအောင်၊ ဆည်မြောင်းဦးစီးဌာနမှူး ကင်းတားတမံ ဦးစီးအရာရှိ ဦးထင်ကျော်လင်း၊ ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းစခန်းဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

**○ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ**

အကြမ်းဖက် လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှု အလိုမရှိ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရှေ့လုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီ အရေခြုံကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေမြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ် စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**❖ အာရှဖလား ယူ-၂၃ မှ**

အုပ်စု (I) တွင် သုံးသင်းသာပါဝင်ပြီး နိုင်ပွဲကိုယ်စီရထားသည့် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ အပြိုင်ဖြစ်နေခြင်း ဖြစ်သည်။ ယင်းနှစ်သင်းစလုံးသည် တရုတ်တိုင်ပေကို တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရထားရာ ရမှတ်၊ ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးအားလုံး တူညီလျက်ရှိသည်။ ယခုပွဲတွင် အနိုင်ရသည့်အသင်းမှာ အုပ်စုပထမရပြီး ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သော်လည်း သရေကျပါက အုပ်စုပထမနေရာအတွက် ပင်နယ်တီအဆုံးအဖြတ် ကန်သွင်းရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် အနိမ့်ဆုံးသရေကစားနိုင်လျှင်ပင် ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိနေပြီး အရေးနိမ့်မှသာ ခြေစစ်ပွဲအောင်မြင်ရန် အခြားအသင်းများကို စောင့်ကြည့်ရမည်ဖြစ်သည်။

ခြေစစ်ပွဲကျင်းပနေသည့်ပုံစံအရ အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အောက်တိုဘာ ၃၁ ရက်ပွဲစဉ်များအပြီးထိ အုပ်စု (A) မှ ကာတာ၊ အုပ်စု (B) မှ အီရန်၊ အုပ်စု (C) မှ အီရတ်၊ အုပ်စု (D) မှ ကူဝိတ်၊ အုပ်စု (E) မှ ယူအေအီး၊ အုပ်စု (F) မှ ဂျော်ဒန်၊ အုပ်စု (G) မှ ဩစတြေးလျ၊ အုပ်စု (H) မှ တောင်ကိုရီးယား၊ အုပ်စု (J) မှ မလေးရှားနှင့် အုပ်စု (K) မှ ဂျပန်အသင်းတို့ အုပ်စုပထမနေရာရရှိကာ ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သည်။ အုပ်စု (I) မှ ပထမနေရာရတစ်သင်း ထပ်မံထွက်ပေါ်ရန်ကျန်ရှိနေပြီး အကောင်းဆုံးအုပ်စုဒုတိယနေရာရ လေးသင်းမှာလည်း နိုဝင်ဘာ ၂ ရက်ပြီးဆုံးမှသာ အတည်ပြုနိုင်မည်ဖြစ်သည်။ လက်ရှိအကောင်းဆုံး ဒုတိယနေရာရအသင်းများတွင် ထိုင်းအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့က ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိနေပြီး မြန်မာအသင်းမှာ အဆင့် (၃) နေရာတွင် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ယနေ့ကစားမည့်ပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်ပါက ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိမည်ဖြစ်သည်။ အကယ်၍ အရေးနိမ့်ပါက အခြားအသင်းများကို စောင့်ကြည့်ရမည်ဖြစ်ပြီး ဂိုးပြတ်အရေးနိမ့်မှသာ အခွင့်အရေးနည်းသွားမည်ဖြစ်သည်။

**ကိုညီလေး**

■

**■ စီးရီးအေသမိုင်းမှ**

အခုပွဲစဉ်မှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ကစားသမားဘဝ စံချိန်သစ်တင်ခဲ့သလို အေစီမီလန်အသင်းဟာလည်း ရိုးမားအသင်းကို အနိုင်ရလိုက်တာကြောင့် အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ရာသီအစ ပထမဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၁ ပွဲမှာ ၁၀ ပွဲအထိအနိုင်ရရှိခဲ့တဲ့ လေးသင်းမြောက်အသင်းဖြစ်လာခဲ့ပါတယ်။ အေစီမီလန်အသင်းမတိုင်ခင်က စီးရီးအေပြိုင်ပွဲသမိုင်းမှာ ရာသီအစ ပထမ ၁၁ ပွဲမှာ ၁၀ ပွဲအထိ အနိုင်ရခဲ့တဲ့ စီးရီးအေအသင်းသုံးသင်းကတော့ ရိုးမားအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ နာပိုလီအသင်းတို့ပဲ ဖြစ်ပါတယ်။ ရိုးမားအသင်းနဲ့ အေစီမီလန်အသင်းတို့ ပွဲစဉ်မှာ အေစီမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၅ မိနစ်မှာ အီဘရာဟီမိုဗစ်၊ ပွဲကစားချိန် ၅၇ မိနစ်မှာ ကတ်ဆီးတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ရိုးမားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် မိနစ် ၉၀ မှာ အီရှာရာဝီက သွင်းယူပေးခဲ့တာဖြစ်ပြီး အခုပွဲစဉ်မှာ အေစီမီလန်အသင်းဟာ ပွဲကစားချိန် ၆၆ မိနစ်မှာ ဟာနန်ဒက်ဇ် နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် နောက်ပိုင်းပွဲကစားချိန်တွေမှာ တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ ရိုးမားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေအမှတ်ပေးဇယားမှာ ရမှတ်စုစုပေါင်း ၃၁ မှတ်ရရှိထားပြီး နာပိုလီအသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ နာပိုလီအသင်းရဲ့ အောက် အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ရိုးမားအသင်းကတော့ လက်ရှိအီတလီစီးရီးအေ ပွဲစဉ် ၁၁ ပွဲကစားအပြီးမှာ ခြောက်ပွဲအနိုင်ရထားပြီး ရမှတ်စုစုပေါင်း ၁၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် လေးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**အေးချမ်းစိုးလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် ရောင်ခြည်ဦး စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတို့မှ စုဆောင်းငွေပေါ် အတိုးများပေးအပ်**

**မြစ်သား နိုဝင်ဘာ ၁**

မြစ်သားမြို့နယ် သစ်တပ်ကုန်းကျေးရွာရှိ အေးချမ်းစိုး လယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းနှင့် သိုတန်ကျေးရွာရှိ ရောင်ခြည်ဦး စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတို့မှ အသင်းသားပြည်သူ ၄၅၄ ဦးအတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၆ သိန်းကျော်အား မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ အသင်းသားပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပြည်)တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ရက်အထိ (၆)လ အတွင်း ဆောင်ရွက်ရမည့် အောက်ဖော်ပြပါလုပ်ငန်း စီမံကိန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည် -

(က) လေးထပ်ပင်မဆောင် (၄၀၀'x၄၀') RC တည်ဆောက်ခြင်းလုပ်ငန်း (ရေ/မီး/မိလ္လာ/Apron & Drain အပါအဝင်)

၂။ တင်ဒါအဆိုပြုလွှာလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၁၁-၂၀၂၁ရက်

အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၃၁-၁၁-၂၀၂၁ရက် ညနေ ၄နာရီ

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ကွန်ပျူတာ တက္ကသိုလ်(ပြည်)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ကွန်ပျူတာ တက္ကသိုလ်(ပြည်)တွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ငွေစာရင်းဌာန ဖုန်း-၀၅၃-၂၀၂၈၅၂၊ ၀၉-၇၇၃၇၉၉၃၀၀၊ ၀၉-၄၅၂၃၃၈၁၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE-1ရပ်ကွက်၊ BM(၄)လမ်း၊ အမှတ်(၁၀၂)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၁၀x၆၀)မြေကွက်အား ဒေါ်သန်းသန်းရီ[၁၂/ဥကမ(နိုင်)၁၀၀၃၀၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မြင့်ဦး[၇/ကဝန(နိုင်)၁၁၂၆၆၉]က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီးဖြစ်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ခွင့်ပြုချက်မရဘဲ အဆိုပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း စသည်ဖြင့် တစ်နည်းနည်းအရ လွှဲပြောင်းခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေမြတ်မွန်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၂၇၂၁)**
**အမှတ်(၁၆၉၃)၊ သင်္ဘောလမ်း၊**
**(၁၅၅)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၉၈၈၃၂၇၄၈**

**ဦးဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၁၁၁)**
**အမှတ်(၃၇၁)၊ မေတ္တာ(၁)လမ်း၊**
**(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်။ ဖုန်း-၀၉-၄၂၁၀၃၆၀၇၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ အမှတ်(၂၆၆)၊ ဦးဖိုးကျားလမ်းနေ ဦးသိန်းဇံအောင်၊ ဒေါ်အေးတင်သိန်းတို့၏သား ဦးသိန်းစိုး[၁၁/စတန(နိုင်)၀၆၆၂၁၅]မှာ မိဘဆုံးမမှုအားမနာခံသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းဇံအောင်[၁၁/ပတန(နိုင်)၀၁၂၀၁၇]**
**ဒေါ်အေးတင်သိန်း[၁၁/စတန(နိုင်)၀၁၂၃၄၅]**

## "ကန့်ကွက်နိုင်ပါကြောင်း"

ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ အောင်ဆန်းသူရိယလမ်း၊ အမှတ်(၂၃/က)၊ ပေ(၂၅x၆၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်လဲ့ဝင်းနှင့် ဦးထိန်ဝင်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းတင့်မှ ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူပြီး ဖြစ်ပါသည်။ တစ်ကြိမ်တည်းဖြင့် အပြီးအပိုင်ငွေပေးချေဝယ်ယူမည်ဖြစ်သောကြောင့် အဆိုပါအိမ်မြေနှင့် အကျိုးသက်ဆိုင်သူများမှ ကန့်ကွက်လိုလျှင် (၇)ရက်အတွင်း အထောက်အထားခိုင်မာစွာဖြင့် ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်ခြင်းမရှိပါက စာချုပ်ချုပ်ဆိုအရောင်းအဝယ်ပြုလုပ်ကာ လက်ရောက်လွှဲပြောင်း ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းတင့်**
**[၁၂/ဒလန(နိုင်)၀၀၉၆၉၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇင်မျိုးဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၉၃၃/၂၀-၁-၂၀၂၁)**
**အမှတ်(၁၀)၊ အေးသီရိလမ်း၊**
**ခနောင်တိုအနောက်ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်။**
**ဖုန်း-၀၉-၇၉၀၈၇၉၇၃၁**

**ဦးဇော်မင်းထွဋ်**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၀၅၇၈/၂၈-၁၂-၂၀၁၈)**
**အမှတ်(၁၂၄)၊ (၆-လွှာ)၊**
**(၁၈)လမ်း၊ လသာမြို့နယ်။**
**ဖုန်း-၀၉-၇၉၆၇၃၇၁၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေကွက်အမှတ် (ဥ-၃၃၉၈)၊ မြေဧရိယာ(၀.၂၂၉) ဧက၊ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်၏အမည်ပေါက် ဦးထိန်လင်း၊ အဘအမည် ဦးမောင်ဟန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/လကန(နိုင်)၀၂၅၂၂၇ ကွယ်လွန်သွားသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်မာလာ၊ အဘအမည် ဦးစံသွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ပခန(နိုင်)၀၀၇၆၀၄ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၃၂)ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

ခ - ၁၅၆၄၄၇

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

င - ၈၆၁၇၃၇

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဆ - ၂၂၈၂၃၇
က - ၃၃၈၀၈၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု( ၂ )ဆု

ဂ - ၄၂၁၄၈၁ ဇ - ၄၆၆၅၃၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

င - ၂၅၈၀၇၆ ခ - ၇၄၁၅၄၃
ဃ - ၄၂၇၄၄၅ က - ၉၁၅၁၇၆
ဆ - ၆၂၃၇၅၄

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းကျပ်သိန်း၂၅၀၀မှအပါအဝင်)အားပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀၀)ဆု ( ၁ )ဆု

င - ၄၂၁၂၅၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဂ - ၁၇၂၄၄၈ ည - ၈၁၁၇၇၀
ဇ - ၅၄၃၁၅၁ င - ၉၆၄၃၉၉
ဈ - ၇၇၃၄၉၇ ဆ - ၉၉၃၆၃၃

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းကျပ်သိန်း ၂၅၀၀မှ အပါ အဝင်) အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀)ဆု( ၁ )ဆု

ခ - ၄၆၈၈၈၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ည - ၁၉၃၈၃၆ ဂ - ၅၇၈၀၀၇
ဆ - ၃၄၉၄၉၂ ဃ - ၆၀၈၄၈၆
က - ၄၃၅၄၆၀ ဇ - ၇၁၄၇၈၉
ဇ - ၄၉၈၇၆၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀) ဆု( ၁ )ဆု င - ၁၇၆၄၁၀

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဆ - ၁၀၄၀၈၄ ခ - ၃၁၉၃၅၄ ည - ၅၅၃၅၀၉
ဈ - ၁၅၆၈၃၂ စ - ၄၁၃၅၈၁ ဂ - ၇၄၁၈၅၆
ခ - ၁၉၃၅၂၅ ဂ - ၅၀၂၆၆၀ စ - ၇၈၃၆၉၁

မရောင်းရထီလက်မှတ်များမှပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀)ဆု ( ၁ )ဆု

ခ - ၆၉၅၂၂၃

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဂ - ၂၁၂၅၀၈ ခ - ၇၇၅၉၈၀
စ - ၂၅၅၃၄၈ ခ - ၈၆၂၁၉၈
ဃ - ၃၂၂၀၅၈ ဂ - ၉၄၂၁၂၃
ဃ - ၃၅၄၂၂၁ ဃ - ၉၉၇၉၄၃
က - ၄၇၇၇၇၇

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဆ - ၃၄၉၅၇
ဈ - ၄၇၈၁၃
ဇ - ၇၄၀၀၉

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

က - ၁၆၈၁
စ - ၇၀၂၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဈ - ၁၉၆ ဈ - ၅၄၂
ဇ - ၃၈၈ င - ၉၇၅
ဇ - ၃၉၅

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆု

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်)အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း ( ၁ )ယူနစ်

ခ - ၈၄

အက္ခရာ နှင့် ရှေ့ဂဏန်း (၂)လုံး အစဉ်လိုက်တူ -ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

က - ၂၅၅၆၅၈ စ - ၂၆၇၇၆၇ ဆ - ၄၁၆၅၇၄ စ - ၉၁၁၃၉၆

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

က - ၅၆၇၈
စ - ၆၃၁၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

င - ၄၆၈၆၂ ဃ - ၇၉၆၁၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ည - ၇၈၃
င - ၈၅၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၃၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ(၇၇၈၇)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၃၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂-၁၁-၂၀၂၁ )ရက်နေ့မှ စတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၈-၁၁-၂၀၂၁ )ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ် ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

ကြော်ငြာ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ခမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ခမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်

## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးဓမ္မာရုံလမ်း၊ အိမ်အမှတ်(၆)နေ (ဦးဘိုးညဏ်လေး-ဒေါ်လှဖြူ)တို့၏သမီး၊ [ဦးသန်း(၃)]၏ဇနီး၊ ဒေါ်ငွေငွေဝင်းသန်း၊ ဦးအောင်မျိုးကျော်- ဒေါ်ငွေငွေအောင်၊ ဦးကျော်ကျော်ဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးမောင်မောင်သင်)၊ ဦးအောင်အောင်ခင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မခင်ထက်ထက်ကျော်[BA(Q)Korea]၊ မောင်ကိုကိုဝင်း(INFO MYANMAR)တို့၏အဘွားသည် ၃၀-၁၀-၂၀၂၂ရက် ည ၇:၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဘသွင်

## ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန

## အသက်(၉၁)နှစ်

ဦးဘသွင် [ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သစ်တောဦးစီးဌာန]သည် ၃၀-၁၀-၂၀၂၂ (စနေနေ့) နံနက် ၁:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်ရီ

## အသက်(၈၈)နှစ်

ရဲမှူးချုပ်မြင့်တိုး၊ ဒေါ်စန်းစန်းလှတို့၏ မိခင်ကြီး ဒေါ်မြင့်ရီသည် ၃၀-၁၀-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)

ကြည်း-၁၄၅၅၉(တေဇ ၅)

## အသက်(၆၇)နှစ်

ပခုက္ကူမြို့နေ (ဦးထွန်းရွှေ)-ဒေါ်အေးကြည်တို့၏သား ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)သည် ၃၁-၁၀-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၅)မှ သူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## (၃)လပြည့် အလှူဒါနများအား ကုသိုလ်အမျှပေးဝေခြင်း

**ဦးဝင်းသိန်း B.E (Mechanical)**
**Chief Engineer (Norstar Crew Management Co.,Ltd)**

## အသက်(၅၀)

မော်လမြိုင်မြို့နေ ဦးရွှေသိန်း-(ဒေါ်အေးတင့်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးကျော်လှိုင်-(ဒေါ်တင်လှိုင်)တို့၏ သားသမက်၊ ဒေါ်အိအိအောင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်ဝင်းခန့်၊ မောင်မြတ်ဝင်းဖြိုးတို့၏ ချစ်လှစွာသောဖခင် ဦးဝင်းသိန်းသည် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ၂-၈-၂၀၂၂ရက်တွင် ကွယ်လွန်ခဲ့ပြီး ယနေ့ ၂-၁၁-၂၀၂၂ရက်တွင် (၃)လပြည့်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုမှ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်အစုစုတို့ဖြင့်လည်းကောင်း၊ သိမ်ကျောင်းအလှူတော်အားလည်းကောင်း ကုသိုလ်ပြုလှူဒါန်းခဲ့ပါသည်။

ထိုကောင်းမှုအစုစုတို့ကို ကွယ်လွန်သူ ဦးဝင်းသိန်းအား ကုသိုလ်အမျှပေးဝေပါကုန်၏။ မြင့်မြတ်သော ဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေသော်။

**ချစ်ဇနီး-ဒေါ်အိအိအောင်**
**သား-မောင်မြတ်ဝင်းခန့်၊ မောင်မြတ်ဝင်းဖြိုး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၅)လမ်း၊ အမှတ်(၃၇၃)၊ မြေကွက်အကျယ်အဝန်းပေ(၄၀x၆၀)ပေါ်ရှိ မြေပိုင်ဆိုင်မှုအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ အားလုံးကို စီမံရောင်းချပိုင်ခွင့်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် အမည်ပေါက် ဂရန်ပိုင်ရှင်ဖြစ်သော ဦးမိုးထွန်းအောင်[၁၂/မရက(နိုင်)၀၄၀၉၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းကိုသိန်းနိုင်ဆွေ[၁၂/ရကန(နိုင်)၀၇၃၆၆၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့မြေကွက်နှင့်ပတ်သက်သည့် အထောက်အထားစာရွက်(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်ဝတ်ရည်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၅၄/၂၈-၁၂-၂၀၁၆)**
**B/12(102)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ဗိုလ်မင်းရောင်လမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-420080524**

## ဦးအေးမောင်

**သတင်းတပ်ဖွဲ့(အငြိမ်းစား)**

## အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၇၂၅)နေ (ဦးအုန်း- ဒေါ်အေးခင်) တို့၏ သား၊ (ဦးသင်- ဒေါ်ဒေါ်စိန်)တို့၏သားသမက်၊ (ဒေါ်လှလှ)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးတင်မောင်ညွန့်)-ဒေါ်နွယ်နွယ်အေး၊ ဦးကိုကိုဝင်း-(ဒေါ်ရီရီအေး)၊ ဦးခင်မောင်ညို- ဒေါ်မြင့်မြင့်သန်း၊ ဦးတင်ထွန်း-ဒေါ်ဥမ္မာကြည်၊ ဦးဝင်းအေးဖေ-ဒေါ်နီနီအေး၊ (ဦးခင်မောင်ထွေး)- ဒေါ်ခင်အေးမာတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၂ယောက်၊ မြစ် ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၃:၀၀နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီး ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်း(ခ)ဒေါ်တူး

**ဌာနစုမှူး(ဘဏ္ဍာရေး)**
**MPPE (ငြိမ်း)**

## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သာကေတရေနံအိမ်ရာဝင်း၊ အမှတ်(၁/ခ)နေ (ဦးငွေမောင်) MOGE(ငြိမ်း)၏ဇနီး၊ ဒေါ်အေးမြင့်ခိုင်(လ/ထ ညွှန်မှူး၊ ပဲခူးတိုင်း PPRD)၊ ဦးသူရိန်ထွန်း(ခေတ်ခွဲကျွမ်းကျင်-၂၊ ရန်ကုန်တိုင်း PPRD)တို့၏ မိခင်၊ ဦးအောင်ဆန်း၊ ဒေါ်စိန်သန်း၊ ဒေါ်နုတို့၏ညီမသည် ၁-၁၁-၂၀၂၂ နံနက် ၃:၄၀နာရီတွင် KWEKABAW ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒု-အရာခံဗိုလ် ဦးငွန်နေလွယ်

**စစ်မှုထမ်းဟောင်း(လေ-ငြိမ်း)**

## အသက်(၇၅)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်နေ (Pu No Ceu)-Pi Thuan Kil တို့၏သား၊ Pastor Bawi Nei Thluai ၏ချစ်လှစွာသောအစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အေးမြသာစည်လမ်း၊ အမှတ်(၁၁၈)နေ Pi Sa Tin Par ၏ ချစ်လှစွာသောခင်ပွန်း၊ မဟာရံသင်းမွိုင်း၊ မငွန်နိုး(မြို့ပြအင်ဂျင်နီယာ)၊ မထားနေစင်- Pu Sui Lal Lyan၊ ဒေါက်တာဇန်နေလွယ်၊ ဒေါက်တာဇန်နေကီးလ်၊ ဒေါက်တာ ဇန်နေဟီးမ်-မခင်မျိုးမြင့်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ Elijah Radar Lal Lyan ၏အဘိုးဖြစ်သူ ဦးငွန်နေလွယ် [စစ်မှုထမ်းဟောင်း(လေ-ငြိမ်း)]သည် ၃၁-၁၀-၂၀၂၂ရက် ညနေ ၅:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၁-၂၀၂၂ နံနက် (၁၀)နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ခိုင်မြင့်

## အသက်(၄၁)နှစ်

မန္တလေးမြို့နေ (၃၈)လမ်း၊ (၇၀x၇၁)လမ်းကြားနေ (ဦးမြင့်သိန်း) (လ/ထ ဒုညွှန်မှူး၊ ဘူမိဗေဒ)-ဒေါ်အေးအေးမာတို့၏ ဒုတိယသား ဦးမင်းကျော်စွာတင့်-ဒေါ်သဲမာမြင့်တို့၏ မောင်၊ ဦးလင်းထိုက်မောင်မောင်-ဒေါ်အိဇင်မြင့်၊ ဦးရဲမြင့်ခိုင်-ဒေါ်ခင်နွယ်မြင့်၊ ဦးကျော်စွာလင်း- ဒေါ်ခင်ထက်မြင့်တို့၏အစ်ကို၊ မောင်မင်းပြည့်ဖြိုးတင့်၊ မဆုမင်းအိမ်၊ မသန့်နန္ဒီ၊ မောင်ညဏ်လင်းထိုက်ဇင်၊ မောင်ထက်ပြည့်စုံလင်းတို့၏ဦးလေး၊ (ဒေါ်တင်မိုးခိုင်)၏ချစ်လှစွာသော ခင်ပွန်း၊ မခွန်းဆင့်သွယ်၊ မောင်အောင်ခန့်ဇော်၊ မောင်ဖြိုးပြည့်ပြည့်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးအောင်ခိုင်မြင့်သည် ၃၁-၁၀-၂၀၂၂(တနင်္လာနေ့) နံနက် ၃:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် တောင်အင်း၊ မြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ်(၃၄)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ (၃လွှာ)ခြေရင်းခန်း၊ ပေ(၁၂ ½ x၅၀)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပူးတွဲပါပိုင်ဆိုင်မှုစာချုပ် မိသားစုစီမံခန့်ခွဲမှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ **ဒေါ်ဆွေဆွေဝင်း[၁၂/စခန(နိုင်)၀၀၆၆၉၁]** **နှင့် ဦးစိုးပိုင်ဝင်း[၁၂/အစန(နိုင်)၁၄၆၂၁၈]** တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းမြင့်(ငါးသိုင်းချောင်း-Japan)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၁၃-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:09-799933939,09-789877799,09-777797911**

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်

## ဆရာမကြီး(ငြိမ်း)၊ မိတ္ထီလာ

## အသက်(၉၉)နှစ်

မိတ္ထီလာမြို့နေ (ဦးဖိုးသီ-ဒေါ်တော်မိ)တို့၏သမီး၊ (ဦးထွန်းမောင်-ဒေါ်ရွှေသုန်)တို့၏ချွေးမ၊ [ဦးစိုးနိုင်ထွန်း(လ/ထ စက်ရုံမှူး၊ ဝါလုပ်ငန်း)]၏ဇနီး၊ (ဦးအေးသောင်း)၊ (ဒေါ်မြမြခင်)တို့၏ညီမ၊ စင်ကာပူနိုင်ငံ Tang Tock Seng Hospital ခတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာ သန်းနိုင်ထွန်း-ဒေါ်နွယ်နီအေး၊ CE (Norstar Co,Ltd)ဦးကျော်နိုင်စိုး-ဒေါ်မာလာအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးမိခင်ကြီး၊ မြေးငါးယောက် တို့၏ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်ခင်သည် ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) ည ၈:၁၅ နာရီတွင် သုဝဏ္ဏနေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၄-၁၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန် ခန်းမအမှတ်(၁/က)မှ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် B.A(History)

**(B.A.C)မြန်မာ့လေကြောင်း-ငြိမ်း**

## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမကြီးနေ ဦးထွန်းလှိုင်-ဒေါ်မာ(ရတနာထွန်း)တို့၏ သမီးကြီး၊ ဥပဒေပါမောက္ခ(ငြိမ်း)(ဒေါက်တာမြင့်)-ဒေါ်သန်းကြွယ်တို့၏သမီးချွေးမ၊ ဦးမြင့်လင်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်မြတ်သီတာလင်း၊ ဒေါ်မြတ်ကေသီလင်း(U.S.A)-ဦးမြတ်မင်း(U.S.A)၊ ဦးမြတ်ဇော်လင်း-ဒေါ်ထက်ရည်လွဲ၊ ဦးမြတ်ကျော်လင်းတို့၏ချစ်လှစွာသောမိခင်၊ ဂုဏ်တင့်ဟိန်း၊ လင်းဂုဏ်ဟိန်း၊ မြတ်ဂုဏ်ဟိန်း၊ London Alex Oo(U.S.A)တို့၏ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၂၂(တနင်္လာနေ့) ည ၁၀:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ၂-၁၁-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၂၂(စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ Tower C.3M ဆင်မင်းကွန်ဒို၊ အလုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဦး

## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနတာဝါနေ (ဦးဘပု-ဒေါ်တင်မြ) တို့၏သား၊ ဒေါ်ခင်စမ်းမေ၏ ခင်ပွန်း၊ ဒေါ်ရီရီခင်၏အစ်ကို၊ ဒေါ်ခင်ကျော့ကျော့ဦး-ဦးမြတ်မျိုးထွန်း၊ ဦးဗညားဦး-ဒေါ်စိုးယုဝေ၊ ဒေါ်ခင်ခက်ခက်ဦး၊ ဒေါ်ခင်လင်းလင်းဦး-ဦးရန်နိုင်စိုး၊ ဒေါက်တာသူရဦး-ဒေါက်တာညိုမီထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးလှဦးသည် ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့)နံနက် ၈:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၁၁-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁:၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတမ်းပေးဝေလိုပါသောကြောင့် ၆-၁၁-၂၀၂၂ (စနေနေ့) နံနက် ၆:၀၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်ကျောင်းဒါယိကာမကြီး

## ဒေါ်မေစန်းတင် (မုံရွာ)

အထက်တန်းပြ(ငြိမ်း) အထက(၂)တာမွေ
နာယက(ချင်းတွင်းအသင်း)
အသက်(၈၇)နှစ်

ဗိုလ်မှူးတင်ဦး(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး-လယ်စိုက်ရှင်း)၏ ချစ်လှစွာသောဇနီး ဒေါ်မေစန်းတင်(နာယက-ချင်းတွင်းအသင်း)သည် (၂၉-၁၀-၂၀၂၂) နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချင်းတွင်းအသင်း (ရန်ကုန်)

သင့်
သွေးဖြင့်
အသက်ကယ်ပါ

အဂတိ ပယ်ခွာ
ပြည်သာယာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ယနေ့ ဖတ်စရာ

### ထိုင်းနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသည့် နိုင်ငံတကာခရီးသွားများအား နိုင်ငံအတွင်း စတင်ဝင်ရောက်ခွင့်ပြု

စာမျက်နှာ » ၁၃

### ပညာသင်ကြားမည့် ကျောင်းနေအရွယ် ကလေးသူငယ်များကို ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် စာသင်ကျောင်းများအား ပျက်စီးစေရန် အကြမ်းဖက်သမားများက စာသင်ကျောင်းများ၌ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်

စာမျက်နှာ » ၁၄

### ဓာတ်ခွဲနမူနာစုစုပေါင်း ၁၉၂၁၇ ဦးအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၇၇ ဦး တွေ့ရှိ

စာမျက်နှာ » ၁၆

### အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ ကစားမည်

ရန်ကုန် နိုဝင်ဘာ ၁

၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကာဂျစ္စတန်နိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖



မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်းသူရိယလှသောင်းကျောင်း)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

### စီးရီးအေသမိုင်း၌ ရာသီအစ ပထမ ၁၁ ပွဲမှာ ၁၀ ပွဲအနိုင်ရတဲ့ လေးသင်းမြောက်အသင်းဖြစ်လာတဲ့ အေစီမီလန်

အောက်တိုဘာ ၃၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေ ပွဲစဉ် ၁၁ ရဲ့ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ရိုးမားအသင်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်မှာ အေစီမီလန်အသင်းက ရိုးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အေစီမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ကစားသမားဘဝတစ်လျှောက် လိဂ်ပြိုင်ပွဲတွေမှာ သွင်းယူနိုင်ခဲ့တဲ့ လိဂ်သွင်းဂိုး ၄၀၀ ပြည့်မြောက်ခဲ့တာလည်းဖြစ်ပါတယ်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ■

### ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု သိသာစွာ ကျဆင်းလာသည့်အတွက် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ အခြေခံပညာကျောင်းများကို ယနေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ လာရောက်၍ ပညာသင်ကြားလျက်ရှိသည်ကို တွေ့မြင်ရသည်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒



### တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ကိုင်ဆောင်ကြွေးကြော်**

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❍